# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ သောကြာနေ့။ Friday, 22 March 2024 ၁၁၄၀၈


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အကျိုးရှိထိရောက်စွာအသုံးချ

## မိမိတို့တွင်ရှိပြီးဖြစ်သည့် အုပ်ချုပ်ရေးယန္တရား၊ တရားဥပဒေစိုးမိုးရေးယန္တရားများကို အသုံးချ၍ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအလိုက်လုပ်ငန်းများ တိုးတက်အောင်မြင်လာမည်

နေပြည်တော် မတ် ၂၁

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

**ယနေ့ ဖတ်စရာ**


**စွန့်လွှတ်စွန့်ဝံ့ ဂုဏ်ဒြပ်နှင့်အတူ . . . .**
ဆောင်းပါး စာမျက်နှာ » ၆

**ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး**
ဆောင်းပါး စာမျက်နှာ » ၁၁

**ပြည်သူ့စစ်မှုထမ်းဥပဒေအရ အမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်း သိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မှာ ဖြစ်ပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ**
စာမျက်နှာ » ၁၀

ကြေးမုံ

# ရှင်သန်ရပ်တည်ရေးအတွက် အရေးကြီးသည့် ရေကို ထိန်းသိမ်း

"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"ဟု ဆိုရိုးစကားရှိပါသည်။ ရေ၏တန်ဖိုးနှင့်အရေးတကြီးအသုံးဝင်ပုံကို အသိပေးထားခြင်းဖြစ်ပါသည်။ လူသည် ထမင်းခုနစ်ရက်မစားရသော်လည်း သန့်စင်သောရေကို သောက်သုံးရလျှင် အသက်ရှင်သန်နိုင်သလို ရေတစ်ရက် မသောက်သုံးရဘဲနေရပါက အားအင်ကုန်ခန်းပြီး ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည်ကို သတိပေးထားခြင်းဖြစ်ပါသည်။

လူသားတို့သာမက ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများနှင့် အပင်မျိုးစိတ်အပေါင်းတို့သည် ရေဖြင့် ရှင်သန်နေကြသည်။ ရေကို သောက်သုံးရုံသာမက ချက်ပြုတ်ဆေးကြောရေးအပြင် စားရေရိက္ခာလုံလောက်စွာ ထွက်ရှိရေးအတွက် ရယူအသုံးပြုကြရသည်။ ရေသည် သက်ရှိများအတွက် သဘာဝကပေးအပ်ထားသည့်လက်ဆောင်မွန်ဖြစ်၍ အချည်းနှီးမဖြစ်စေဘဲ တန်ဖိုးရှိစွာအသုံးပြုကြရန်၊ တန်ဖိုးရှိစွာထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်သည်။ ရေ၏တန်ဖိုးသည် များပြားလှသော်လည်း လူသားတို့အနေဖြင့် ရေကိုတန်ဖိုးထားမှုမှာ အားနည်းလှပေသည်။

ကမ္ဘာပေါ်တွင် ရေအရင်းအမြစ်များ ပေါများကြွယ်ဝသောဒေသများရှိသလို ရေအရင်းအမြစ် ရှားပါးပြတ်လပ်သောဒေသများလည်းရှိသည်။ ရေကို သဘာဝအလျောက်ရရှိသည့် မြန်မာနိုင်ငံသည် ရေအတွက် ကံကောင်းခြင်းလက်ဆောင်အဖြစ် အပြည့်အဝရရှိနေသည်။ ရေလုံလောက်စွာရရှိသည့် မိုးဥတုရာသီနှင့် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးလေးသွယ်နှင့် မြစ်လက်တက်များ၊ အင်း၊ အိုင်၊ ဆည်တမံ၊ ချောင်း၊ ကန်များမှ ရေလုံလောက်စွာရရှိသည်။ မိုးခေါင်ရေရှားဒေသများအတွက်ပင် ထိုက်သင့်သောရေ ဖြည့်ဆည်းပေးနိုင်သည်။ စိုက်ပျိုးရေ၊ သောက်သုံးရေတို့ကို ပေါပေါများများအသုံးပြုနိုင်သည်။

ကမ္ဘာပေါ်တွင် ရေရှားပါးသည့်နိုင်ငံ ၂၅ နိုင်ငံရှိပြီး ၁၉ နိုင်ငံသည် အာဖရိကတိုက်တွင် တည်ရှိသည်။ ကမ္ဘာ့လူဦးရေ၏ ၁ ဒသမ ၄ ဘီလီယံသည် ရေကောင်းရေသန့်ရရှိရန် ခက်ခဲနေပြီး မသန့်ရှင်းသောရေကြောင့် လူ ခုနစ်သန်းခန့် အသက်ဆုံးရှုံးလျက်ရှိသည်။ သဘာဝရေမရရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံအချို့သည် ရေချိုကို ဝယ်ယူအသုံးပြုကြရသည်။ ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်၌ ၁၀ ဘီလီယံကျော်မည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားပြီး အလွန်အမင်းတိုးပွားလာသော လူဦးရေကြောင့် အနာဂတ်တွင် စားရေရိက္ခာနှင့် ရေအခက်အခဲများ ကြီးမားစွာကြုံတွေ့နိုင်သည်ဟု ခန့်မှန်းထားသည်။

လူ၏သဘာဝအရ ရေဖောဖောသီသီရရှိကြသည့်ဒေသများတွင် ရေကို တန်ဖိုးမထားကြသလို ရေရှားပါးသောဒေသများတွင် ရေကြည်တစ်ပေါက်ကိုပင် အလွန်တန်ဖိုးထားကြသည်။ သတ္တဝါများသည် ရေကို အရေပြားမှတစ်ဆင့် ချွေးအဖြစ် စစ်ထုတ်ကာ ခန္ဓာကိုယ်အပူချိန်ကို ထိန်းပေးသည်။ ရေ၏အကူအညီဖြင့် သွေးသည် အာဟာရဓာတ်များကို အစာအိမ်မှတစ်ဆင့် ခန္ဓာကိုယ်၏ အခြားအင်္ဂါအစိတ်အပိုင်းများသို့ ပို့ဆောင်ပေးသည်။ သွေးများက အောက်ဆီဂျင်ဓာတ်ကို အဆုတ်မှတစ်ဆင့်ပို့ဆောင်ရာတွင် အကူအညီပေးသည်။ အစာခြေရာတွင် ရေဓာတ်လိုအပ်သည်။ ခန္ဓာကိုယ်ရှိ မကောင်းသည့်ဓာတ်များကို ရေမှဖြစ်လာသည့် ဆီးမှ စစ်ထုတ်ပေးသည်။

ကမ္ဘာ့မြေမျက်နှာပြင်၏ လေးပုံသုံးပုံကို ရေလွှမ်းမိုးထားသော်လည်း ရေထု၏ နှစ်ရာခိုင်နှုန်းကိုသာ ရေချိုအဖြစ် ရရှိနိုင်သည်။ မြေအောက်မှရေမှာ သုည ဒသမ ၃၆ ရာခိုင်နှုန်းသာရှိသော်လည်း ရေထွက်အားဖြင့် အမြောက်အမြားရှိနေသောကြောင့် လူတို့အနေဖြင့် မပူမပင်သုံးစွဲနေကြရသည်။ သို့သော် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် ပူပြင်းခြောက်သွေ့မှုများတိုးလာပြီး ရေထုပမာဏနည်းလာခြင်းနှင့် ကမ္ဘာ့လူဦးရေပမာဏ တစ်နေ့တခြားတိုးပွားလာမှုကြောင့် စိုက်ပျိုးရေ၊ သုံးစွဲရေသာမက သောက်သုံးရေအတွက်ပါ အနာဂတ်တွင် အခက်အခဲများရှိလာမည်ဖြစ်သည်။ ထို့ကြောင့် တည်ရှိပြီးရေကို ကောင်းမွန်စွာထိန်းသိမ်းသိုလှောင် စောင့်ရှောက်တတ်ရန်နှင့် ရေကို စနစ်တကျခြိုးခြံချွေတာသုံးစွဲတတ်သည့်အလေ့အထများ ရှိကြရန် လိုအပ်သည်။

လူတို့အနေဖြင့် နေ့စဉ်ရေကိုသုံးစွဲကြရာတွင် လူတစ်ဦးတစ်ယောက်ချင်းစီက အဖိုးတန်ရေကို ချွေတာသုံးစွဲကြမည်ဆိုလျှင် ရေအတွက် ဖူလုံလောက်ငနေမည်ဖြစ်ပြီး ရေရှားပါးသည့်ဒေသများမှ ပြည်သူများအား ကူညီဖြည့်ဆည်းပေးရာရောက်မည်ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသောရေကို နေ့စဉ်အသုံးပြုကြရာ၌ လိုအပ်သလောက်သာချင့်ချိန်သုံးစွဲခြင်း၊ လိုသည်ထက် ပိုမိုအသုံးမပြုခြင်း၊ မလိုအပ်ဘဲ ရေကို အလဟဿအလေအလွင့်မဖြစ်စေဘဲ သတိပြုထိန်းသိမ်းဆောင်ရွက်ခြင်းတို့ကို ကိုယ်စီကိုယ်စီပြုလုပ်ကြပါက အနာဂတ်တွင် ရေအတွက် ရတက်မပွေဘဲ ပြည်သူများ စိတ်အေးချမ်းသာမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ထန်းတပင်မြို့နယ်၌ Mobile Financial Paymentအသုံးပြု၍ ချေးငွေထုတ်ချေးပေး

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကွဲကူးကျေးရွာအုပ်စု မြောက်လွတ်ကုန်းကျေးရွာတွင် Mobile Financial Payment အသုံးပြု၍ ချေးငွေထုတ်ယူခြင်း အစီအစဉ်ကို မတ်၂၀ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်ကြသည်။

**ငွေကျပ်သိန်း ၄၀၀ ထုတ်ချေး**

Mobile Phone အသုံးပြု၍ ချေးငွေထုတ်ယူခြင်းအစီအစဉ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်သူ စုစုပေါင်း ၉၅ ဦးတို့အား ငွေကျပ်သိန်း ၄၀၀ ကို ထုတ်ချေးခဲ့ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁၃၈ | ၁,၁၇၃,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၃,၀၅၃ | ၈,၇၀၃,၆၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၆၉၄ | ၅,၃၄၃,၈၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၁၃၅ | ၂၀၂,၅၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၃၀၂ | ၇၅၅,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅၁၈ | ၉၀၆,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၀၀ | ၄၉၀,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၅,၀၀၃ | ၈,၇၅၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ❖ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အသုံးစရိတ်များ၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများအတွက် အသုံးစရိတ်များ စသည့် ပိုမိုလိုအပ်သောကဏ္ဍများအတွက် ဦးစားပေးလျာထား သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အစိုးရများ၏ အုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များကို စိစစ်သုံးစွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုသည့် အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန်လိုအပ်

❒ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ခင်နိုင်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရငွေများကို လျာထားသည့် အတိုင်း ရရှိရေးနှင့် သုံးငွေများကိုလည်း လျာထားသည့် အတိုင်း သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အစမှ အဆုံးအထိ ရငွေများကို လျာထားသည့်အတိုင်း ရရှိရေးနှင့် သုံးငွေများကိုလည်း လျာထားသည့်အတိုင်း သုံးစွဲနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်များ အောင်မြင်စေရန် နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများသည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များ၊ အမျိုးသားရေး ရည်မှန်းချက်တာဝန်များကို အောင်မြင်စေရေးအတွက် ဘဏ္ဍာရေးမူဝါဒအဖြစ် ပြဋ္ဌာန်းပေးသော ဥပဒေများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ကိုဗစ် -၁၉ ကပ်ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေး အသုံးစရိတ်များကို စနစ်တကျစီမံခန့်ခွဲထိန်းချုပ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံ့စီးပွားရေးကို ပြန်လည်တိုးတက်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

ဘဏ္ဍာငွေ အရအသုံးများနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ယခင်ဘဏ္ဍာရေးနှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေး၊ ကျန်းမာရေးကဏ္ဍ အသုံးစရိတ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် အသုံးစရိတ်များ၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများအတွက် အသုံးစရိတ်များ စသည့် ပိုမိုလိုအပ်သောကဏ္ဍများအတွက် ဦးစားပေးလျာထား သုံးစွဲသွားမည်ဖြစ်ကြောင်း၊ အစိုးရများ၏ အုပ်ချုပ်မှုဆိုင်ရာ အသုံးစရိတ်များကို စိစစ်သုံးစွဲပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးကို အထောက်အကူပြုမည့် အသုံးစရိတ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အထောက်အကူပြုသည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲကြရန် လိုအပ်ကြောင်း။

**အချိန်မီ ပေးပို့တင်ပြနိုင်ရေး**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို

## ❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ဒေသအလိုက် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်၍ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာရေး ဆောင်ရွက်ရန် အထူးလိုအပ်

## ❖ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် MSME လုပ်ငန်းများကို အခြေခံ၍ အရည်အသွေး ပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရမည်

ပြည်ထောင်စု အစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသို့ အချိန်မီ ပေးပို့တင်ပြနိုင်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့အစည်းအဝေးတွင် စိစစ်တင်ပြပြီးဖြစ်သည့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများကို တင်ပြရာတွင် သက်ဆိုင်ရာဘတ်ဂျက်စိစစ်သည့် အဖွဲ့အစည်း၊ ကော်မတီများမှ အဆင့်ဆင့် စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ အသုံးစရိတ်အပိုင်းတွင်လည်း နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးတို့အတွက် လက်ငင်းအကျိုးရှိပြီး ဘက်စုံအကျိုးသက်ရောက်စေမည့် အသုံးစရိတ်များကို အဓိကထား ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ယခင်ဘဏ္ဍာရေးနှစ်များနည်းတူကြုံတင် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ သာမက နေရပ်စွန့်ခွာပြည်သူများအတွက် စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး အရေးပေါ်ရန်ပုံငွေ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို လျာထားခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၄-၂၀၂၅ ပြည်ထောင်စု၏ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက အသီးသီးတင်ပြကြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ဒေသအလိုက် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုကို တိုးမြှင့်၍ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာရေး ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊** ထို့ပြင် စီးပွားရေး စီမံကိန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုပြီး ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ရာတွင် MSME လုပ်ငန်းများကို အခြေခံ၍ အရည်အသွေး ပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်တွင်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးကာ ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။

ကုန်ထုတ် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် Mass production များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးကို သာမက သား၊ ငါးမွေးမြူရေးကဏ္ဍများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် အဓိက သားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူဖြစ်ထွန်းကြောင်း၊ အလားတူ အသီးအရွက်နှင့် စက်မှုကုန်ကြမ်းသီးနှံများကိုလည်း စိုက်ပျိုးနိုင်ကြောင်း၊ အဆိုပါ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

ပြည်ထောင်စု ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အကျိုးရှိထိရောက်စွာ အသုံးချကြစေလိုကြောင်း၊ အလားတူ ရငွေများ အပြည့်အဝ ရရှိစေရေးအတွက်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့တွင်ရှိပြီးဖြစ်သည့် အုပ်ချုပ်ရေးယန္တရား၊ တရားဥပဒေစိုးမိုးရေး ယန္တရားများကိုအသုံးချ၍ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအလိုက် လုပ်ငန်းများ တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများ တိုးတက်လာမည်ဆိုပါက နိုင်ငံအတွက်လည်း တိုးတက်မှုများကို ခံစားရမည်ဖြစ်သဖြင့် အချင်းချင်းအပြန်အလှန် တိုင်ပင်ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်နှင့်အညီ ထိရောက်သည့် အသုံးစရိတ်ဖြစ်စေရေးနှင့် လျာထားချက်နှင့်အညီ အချိန်မီသုံးစွဲရေးကို အဆင့်ဆင့် တာဝန်ရှိသူများက အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကြီးကြပ်သူများအနေဖြင့်လည်း မိမိတာဝန်ယူရသည့် ဌာနအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ သာမက ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်မှု လုပ်ငန်းများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားကြရန် အလေးထား မှာကြားလိုကြောင်း။

**ဆောင်ရွက်ရန်မှာကြား**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရာသီဥတုနှင့် အခြားအခြေအနေများအရ ယခင်ဘဏ္ဍာရေးနှစ်များထက် အရေးပေါ်ရန်ပုံငွေကို တိုးမြှင့်လျာထား သုံးစွဲနိုင်ရေး စီစဉ်ထားကြောင်း၊ ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုဝန်ကြီးဌာနများက နယ်မြေအခြေအနေအရ လုပ်ငန်းဆောင်ရွက်နိုင်မှု မရှိခြင်းနှင့် အကြောင်း အမျိုးမျိုးကြောင့် **“အထွေထွေပိုလျှံ ရန်ပုံငွေ”** (GRF) သို့ ပြန်လည်အပ်နှံသည့် ပိုလျှံငွေများမှ ပညာရေး၊ ကျန်းမာရေး၊ ဆောက်လုပ်ရေးကိစ္စတို့၌ အထူးကိစ္စတစ်ရပ်အနေဖြင့် လွှဲပြောင်းသုံးစွဲခွင့်ပြုထားပြီး ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ပြည်ထောင်စုမှ ထောက်ပံ့ပေးသည့်ငွေအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်က ကောက်ခံရရှိသည့် ရငွေများကို ပြည့်ပြည့်ဝဝရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်များသည် အရအသုံး ညီမျှသည့် ဘက်ညီဘတ်ဂျက်ပုံစံနှင့် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ရငွေပြည့်ပြည့်ဝဝရရှိမှသာ သုံးငွေကိုလည်း ပြည့်ပြည့်ဝဝ သုံးစွဲနိုင်မည်ဖြစ်ကြောင်းကို သတိပြုစေလိုကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့် ရငွေများနှင့် အသုံးစရိတ်များကို စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ ထိရောက်အောင်မြင်စွာ ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကိုရှေးရှုပြီး လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန် လုပ်ငန်းများအောင်မြင်ရေးအတွက် ယခုထက်တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်

**နေပြည်တော် မတ် ၂၁**

အမျိုးသားစီမံကိန်း ကော်မရှင် (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားစီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားအကျိုးစီးပွားကိုရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း နိုင်ငံ့အရေးကိုအလေးထားပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အပြင် ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**❐ နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေး အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက် များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်း များ၊ တိုင်းဒေသကြီး/ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်း ပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်**

အစိုးရ၏ ဆောင်ရွက်ပေးနိုင်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများ တိုးတက်စေရေး၊ စားအုန်းဆီကို ပြည်ပမှတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဝါဂွမ်းကို ပြည်တွင်း၌ပင် လုံလောက်စွာထုတ်လုပ်ပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း။

ထုတ်ကုန်များများ ထုတ်လုပ်နိုင်မှ ပြည်တွင်းစားသုံးမှုသာမက ပြည်ပဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်သည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) များကို အားပေးမြှင့်တင်ပေးခဲ့ကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရန်၊ လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးအခြေခံလုပ်ငန်းများ၊ လျှပ်စစ်ရရှိရေး၊ ရေရရှိရေး စသည့်လုပ်ငန်းများ၊ ကျေးလက်ဒေသများတွင် ကုန်ထုတ်လမ်းများ၊ ရာသီမရွေး သွားလာနိုင်သည့် လမ်းကွန်ရက်များ ရရှိစေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရည်အသွေးမြင့်မားသည့် ပညာရေးစနစ်ဖြစ်စေရန် ပညာရေးတွင်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများရရှိရန် ဦးစားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ လူတိုင်းစေ့ ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ တိုးတက်စေရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေး၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးတို့အတွက် အားကစားကဏ္ဍမြှင့်တင်ရေး အားကစားဆိုင်ရာ အခြေခံအဆောက်အအုံတိုးတက်ရေးတို့ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စရိတ်ကြောင့် မြင့်တက်လာသည့် ငွေဖောင်းပွမှု(cost push inflation)ကို အတတ်နိုင်ဆုံးထိန်းနိုင်ရန် အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာစွာ ဝယ်ယူရရှိစေရေးအတွက်လည်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ပေးနေသော်လည်း အကြမ်းဖက်လုပ်ရပ်များကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများ၊ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှုများကို အဟန့်အတားဖြစ်စေမှုများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ရည်မှန်းထားသလောက် အောင်မြင်မှုမရှိသေးသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကချမှတ်ထားသည့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"**ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံ့အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးကို ရှေးရှုပြီး လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန် ကဏ္ဍအလိုက်နှင့် နယ်ပယ်အလိုက်တွင် လုပ်ငန်းများ အောင်မြင်ရေးအတွက် ယခုထက် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရရှိပြီးဖြစ်သည့် တိုးတက်မှုများကို အရှိန်အဟုန်မပျက်စေဘဲ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို အောင်မြင်အောင် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အမြန်ဆုံးပြီးပြတ်အောင်ဆောင်ရွက်ပြီး စီမံကိန်း၏အကျိုးရလဒ်များကို ပြည်သူများအလျင်အမြန်ခံစားရရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာကိုလည်း လာမည့် နှစ်နှစ်အတွင်း အကျိုးရရှိစေမည့် လုပ်ငန်းများကိုဖော်ထုတ်ပြီး အမျိုးသားစီမံကိန်းနှင့် ချိတ်ဆက်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

**ပြည်တွင်းအင်အားကသာ အဓိကကျ**

နိုင်ငံတော်၏ လူမှုစီးပွားရေးအဆောက်အအုံကို ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်ခိုင်မာအောင် တည်ဆောက်ရာတွင် ပြည်တွင်းအင်အားကသာ အဓိကကျသည့်အတွက် ပြည်တွင်း၌ရှိသည့် အရင်းအမြစ်မျိုးစုံကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်များ ပြီးမြောက်အောင်မြင်ရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်များအဖြစ် အလေးအနက်ခံယူပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်များက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူပြည်သားများ၏ သာယာဝပြောရေးတို့အတွက် ပြည်သူ့ဗဟိုပြုလုပ်ငန်းများကို လူထုနှင့်လက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ○

❍ စာမျက်နှာ ၄ မှ

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၄–၂၀၂၅ဘဏ္ဍာရေးနှစ်အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း) ပြုစုရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်ရေး၊ ပြည်တွင်း စားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍအပါအဝင် အခြားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြုစုထားခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရရှိပြီးသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လက် ထိန်းသိမ်းသွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ပြည်သူလူထုတို့၏ အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကို အလေးထားဆောင်ရွက်**

နိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချပြီး တိုးတက်သည့် ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထုတို့၏ အဓိကလိုအပ်သည့် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် စီမံကိန်းများ အချိန်မီပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ လက်တွဲညီညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ စီမံကိန်းအသုံးစရိတ်များကိုလည်း စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲရန် လိုအပ်မည်ဖြစ်ကြောင်းကို ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၃ –၂၀၂၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို သုံးသပ်ဆွေးနွေးပြီး ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း(မူကြမ်း) ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေ (မူကြမ်း)ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက ဘဏ္ဍာနှစ်အလိုက် အမျိုးသားစီမံကိန်း လျာထားမှုနှင့် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

**နိုင်ငံတစ်ခုတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့်ကာကွယ်ရေး အင်အားများ ကောင်းမွန်နေရန်လို**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတစ်ခုတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများ ကောင်းမွန်နေရန်လိုကြောင်း၊ အဆိုပါအင်အားများ ကောင်းမွန်ရန်အတွက် နိုင်ငံတည်ငြိမ်အေးချမ်းရန်လည်း လိုအပ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် အသေးစိတ်ကျကျ လက်တွေ့သုံးသပ်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အချို့ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီမံကိန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်းမရှိသည်ကို တွေ့ရကြောင်း၊ အားနည်းချက်များကို ဖော်ထုတ်၍ လာမည့်ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း။

သွင်းကုန်များလျှော့ချပြီး ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်း၌ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများဖြင့် လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်များပြားလာမှသာ ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီကုန်ချောများ ထုတ်လုပ်နိုင်သည့် (MSME) လုပ်ငန်းများ များစွာရှိသော်လည်း အားပေးဆောင်ရွက်မှုအားနည်းသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကိုလည်း အဆင့်မီစွာ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် လူသားအရင်းအမြစ်များကို နေရာတကျ အသုံးချနိုင်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် အဆင်ပြေချောမွေ့စွာဖြင့် လုပ်ငန်းများတိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို အကျိုးရှိရှိဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံသားများထဲမှ ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်သူများအား ကုန်ထုတ်လုပ်မှု၌ ရင်းနှီးမြှုပ်နှံရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးကို အလေးထားရန် ထပ်မံပြောကြားလိုကြောင်း၊ နှစ်စဉ်ပျမ်းမျှ စားသုံးဆီ ဒေါ်လာ သန်း ၅၀၀ မှ ၆၀၀ အတွင်း ပြည်ပမှတင်သွင်းနေရမှုအား ဆီဖူလုံအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေ ကုန်ကျမှုကို များစွာလျှော့ကျစေမည်ဖြစ်ကြောင်း။

သယံဇာတပစ္စည်းများ တရားမဝင်ထုတ်ယူခြင်း၊ ရောင်းဝယ်ခြင်းနှင့် တရားမဝင်ကုန်သွယ်မှုများ မဖြစ်ပေါ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ယနေ့ အစည်းအဝေးတွင် ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းကို ဆွေးနွေးညှိနှိုင်းကြပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည် ဖော်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်စီစဉ် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရည်မှန်းထားသည့်အတိုင်း ဆောင်ရွက်နိုင်ရေး လုပ်ငန်းအလိုက် အဆင့်ဆင့်ကြီးကြပ်စစ်ဆေးမှုများ၊ စိစစ်သုံးသပ်မှုများကို အားကောင်းစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းကြောင့် ပြည်သူတို့၏ လူမှုစီးပွား အကျိုးခံစားခွင့်များရရှိရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍက ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်တင်ပို့နိုင်ရေးကို အားပေးမြှင့်တင်ကြရမည် ဖြစ်ကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**လေ့ကျင့်ပျိုးထောင်ရမည်**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ၏ ပညာအရည်အသွေးပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့် ခေတ်မီနိုင်ငံတော်တည်ဆောက်နိုင်ရေးကို မျှော်မှန်းပြီး လူငယ်များ ဗလငါးတန်ပြည့်ဝရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဖော်ဆောင်ကြရမည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့လုံ့လ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာနှင့် ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြည်တွင်းအားနှင့် စုပေါင်းပြီး သတိ ဝီရိယနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယခင်ဘဏ္ဍာရေးနှစ်မှ လုပ်ငန်းပြီးပြတ်ခြင်းမရှိဘဲ ပြန်လည်အပ်နှံခဲ့သည့် ဘဏ္ဍာငွေများကိုလည်း ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အကျိုးရှိရှိအသုံးချလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် အလေးထားအားပေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဆောင်ရွက်လျက်ရှိနေကြ**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်မီကုန်ချောများ ထုတ်လုပ်နိုင်သည့် (MSME) လုပ်ငန်းများ များစွာရှိသော်လည်း အားပေးဆောင်ရွက်မှုအားနည်းသည်ကို တွေ့ရ**
- **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကိုလည်း အဆင့်မီစွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်လို**
- **ရှိပြီးဖြစ်သည့် လူသားအရင်းအမြစ်များကို နေရာတကျ အသုံးချနိုင်ရန်လို၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်နိုင်ရန်နှင့် အဆင်ပြေချောမွေ့စွာဖြင့် လုပ်ငန်းများတိုးတက်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေး**



## မိုင်းဆတ်မြို့နယ် သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်း ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး

ကျိုင်းတုံ မတ် ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ ဒသမ ၁၉၄ သန်းဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် သဗ္ဗညုဘုန်းတော်ကြီးသင်ပညာရေးကျောင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးဆောင်ရွက်မှုကို မိုင်းဆတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက မတ် ၂၀ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

**ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး**

ထို့အပြင် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်အတွင်း ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၄၉ ဒသမ ၃၉၈ သန်းဖြင့် ကျောက်လမ်း၊ မြေလမ်းတာချဲ့ခြင်း၊ Box Culvert များနှင့် သာသနာရေးလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စွန့်လွှတ်စွန့်ဝံ့ ဂုဏ်ဒြပ်နှင့်အတူ ....

မိုးမြင့်

ယနေ့မြန်မာ့တပ်မတော်ဟာ ပထဝီနိုင်ငံရေးအရ နယ်မြေချဲ့ထွင်လိုတဲ့ ပြည်ပဖိအားတွေကို အန်တုရင်း ဘယ်ခေတ်နဲ့မှမတူတဲ့ ပြည်တွင်းလက်နက်ကိုင်ပေါင်းစုံနဲ့ ရင်ဆိုင်တိုက်ခိုက်နေရတယ်၊ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုကို ရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံမှာ အချုပ်အခြာ ပွန်းပဲ့ပါမသွားအောင် ကြိုးစားကာကွယ်နေရသလို ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ပျက်စီးမသွားအောင်လည်း စောင့်ရှောက်ကာကွယ် ပေးနေရတယ်၊ အသက်သွေးချွေး အမြောက်အမြား စွန့်လွှတ်ပေးဆပ်မှု အရင်းအနှီးကြီးကြီးနဲ့ကို ပြည်သူအတွက်၊ နိုင်ငံအတွက် ပေးဆပ်နေရခြင်းဖြစ်ပါတယ်။

နိုင်ငံရဲ့အရှေ့မြောက်ဒေသမှသည် အနောက်မြောက်၊ အနောက်၊ အရှေ့နဲ့ အရှေ့တောင်၊ စစ်ကိုင်း၊ မကွေးစတဲ့ နိုင်ငံအနှံ့ပတ်ချာလည်မှာ တိုက်ပွဲကြီး၊ တိုက်ပွဲငယ်ပေါင်းစုံကို ဆင်နွှဲနေရာမှာ ပြည်ဖျက်လက်နက်ကိုင် ရောင်စုံသောင်းကျန်းသူ တစ်ဖွဲ့တစ်ဖွဲ့ အင်အားထောင်သောင်းဂဏန်းချီပြီး နေ့စဉ်နဲ့အမျှ အပြင်းအထန်တိုက်ခိုက်နေရခြင်း ဖြစ်ပါတယ်။ ယခင်ကလို တစ်ဖွဲ့တစ်ခုတည်းနဲ့ နယ်မြေတစ်ခုတည်းမှာ တိုက်ရတဲ့တိုက်ပွဲမျိုးတွေ မဟုတ်တော့ဘဲ ပြည်ပအထောက်အပံ့ခံ ခေတ်မီလက်နက်ပစ္စည်း အတောင့်တင့်ဆုံးအင်အားနဲ့ ပွဲထွက်လာတဲ့ ရောင်စုံအကြမ်းဖက်လက်နက်ကိုင်တွေနဲ့ ရင်ဆိုင်ရတဲ့အခြေအနေဟာ သာမန်တပ်မတော်တစ်ခုအနေနဲ့ဆို ဘယ်လွယ်ပါ့မလဲ။

**နားလည်တန်ဖိုးထားစေချင်**

ပြည်သူကို တံတိုင်းလုပ်၊ လူနေအိမ်ခြေအကာအကွယ်ယူ၊ မြို့တွင်းတိုက်ပွဲဖော်ဆောင် တိုက်တဲ့လက်နက်ကိုင်နဲ့ ပြည်သူမထိခိုက်အောင် မြို့နဲ့လူနေရပ်ကွက်ရှောင်ပြီး တိုက်ရတဲ့တပ်မတော်ကြား ယခုလိုခြားနားချက်က တပ်မတော်သားတွေရဲ့ အသက်တွေ ပိုပေးဆပ်ရစေတယ်။ ပြည်သူကိုကာကွယ်စောင့်ရှောက်ပြီး ဘေးကင်းရာဆီပို့ပေးတဲ့ တပ်မတော်နဲ့ အရပ်သားယောင်ဆောင်ပြီး ပြည်သူသဏ္ဍာန်အသွင်ယူတဲ့ သောင်းကျန်းသူ စေတနာအရာ အများကြီးကွာပါတယ်။

မြန်မာ့တပ်မတော်ဟာ ငြိမ်းချမ်းရေးကို အမြဲလိုလားပေမယ့် နယ်မြေခွဲထွက်ရေး အကြောင်းပြငြိမ်းချမ်းရေးကို ဖျက်ဆီးနေသူတွေကြောင့် စစ်ပွဲလည်းပိုကြာနေရတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဒို့တာဝန်အရေးသုံးပါးနဲ့ NCA ကို လက်ကိုင်ထားတဲ့ တပ်မတော်နဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ဗန်းပြ ဥပဒေမဲ့ လက်နက်ကိုင်တွေကြားက ပဋိပက္ခမှာ တပ်မတော်ကတော့ နိုင်ငံကံကြမ္မာအတွက်၊ အချုပ်အခြာအတွက်၊ ပြည်သူအတွက် ကိုယ့်အလုပ်ကိုယ်လုပ်နေဆဲပါပဲ။ ယနေ့နိုင်ငံအခြေအနေက ခေါင်းဆောင်တွေအမြော်အမြင်အားနည်းရင်၊ ပြည်သူတွေ မညီညွတ်ရင်၊ တပ်မတော်အင်အားမတောင့်တင်းရင် နိုင်ငံအချုပ်အခြာပျက်ယွင်းပြီး တိုင်းပြည်က ခဏလေးနဲ့ ပြိုကွဲသွားနိုင်တဲ့ အခြေအနေမျိုးဖြစ်ပါတယ်။



(၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနား ကျင်းပစဉ်။

ယခုလိုအန္တရာယ်မျိုးကို ကာကွယ်နိုင်မယ့် လျှို့ဝှက်လက်နက်က အင်အားတောင့်တင်းပြီး သစ္စာရှိတဲ့တပ်မတော်နဲ့ ပြည်သူအားလုံးရဲ့ ညီညွတ်မှုပါပဲ။ ဒါကြောင့် တပ်မတော်ရဲ့တန်ဖိုး အထူးသဖြင့် စွန့်လွှတ်စွန့်စားစိတ်နဲ့ အသက်ပေးတာဝန်ထမ်းနေကြတဲ့ စစ်မှုထမ်းများရဲ့ နက်နဲတဲ့စိတ်ဝိညာဉ်ကို နားလည်တန်ဖိုးထားစေချင်လှတယ်။

**နိုင်ငံလုံခြုံရေးသာမက လူသားလုံခြုံရေး အတွက်ပါ**

သူတို့ဟာ နိုင်ငံရဲ့ရတနာ နိုင်ငံ့သားကောင်းတွေပါပဲ။ တိုင်းပြည်ရဲ့လုံခြုံရေးအတွက် တစ်နေ့ ၂၄ နာရီတာဝန်ရှိနေသူတွေဖြစ်ပြီး အရေးကြုံတိုင်း ရှေ့တန်းထွက် တိုက်ပွဲဝင်ရသူတွေ ဖြစ်တယ်။ ပြည်သူကို ရန်သူလိုသဘောမထားတဲ့ သူတို့ဟာ စစ်မြေပြင်နဲ့ အကျွမ်းတဝင် ရင်းနှီးသူတွေဖြစ်ကြပေမယ့် စစ်ပွဲမဟုတ်တဲ့စစ်ပွဲတွေကိုလည်း ဆင်နွှဲကြရတယ်။ ယနေ့လိုကာလမျိုး နည်းပါးလွန်းတဲ့အချိန်လေးမှာပင် မိသားစုကို နွေးနွေးထွေးထွေးအချိန်မပေးနိုင်၊ သမိုင်းပေးတာဝန်အရ ပြည်သူတွေအသက်ရှင်သန်ရပ်တည်နိုင်ရေး၊ လူမှုစီးပွားဘဝလိုအပ်ချက်တွေကို လိုက်လံဖြည့်ဆည်းနေရတယ်။ စားရေရိက္ခာမပြတ်အောင်၊ စားရေရိက္ခာဖူလုံအောင်နဲ့ လမ်းတံတားလို အခြေခံအဆောက်အအုံတည်ဆောက်ရေးမှာ တစ်တပ်တစ်အား ပါဝင်ထမ်းရွက်နေရတယ်။ ရေကြီး၊ မုန်တိုင်း၊ မီးလောင်၊ သဘာဝဘေးအန္တရာယ်ကျရောက်တိုင်း အရေးပေါ်ကယ်ဆယ်ကြရတယ်။ ပြန်လည်ထူထောင်ရေးတွေမှာ မပါမဖြစ်ပါနေရပြီး အရှည်တည်တံ့တည်ငြိမ်မယ့် နိုင်ငံရေးဖြစ်စဉ်အသစ်တစ်ခု ဖြစ်ထွန်းရေးမှာလည်း ပါဝင်ကူညီနေရတယ်။

ကိုဗစ် - ၁၉ ကူးစက်ကပ်ဘေး အပါအဝင် တိုင်းရင်းသားတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်ကုသခြင်းတာဝန်ကပင် တပ်မတော်ရဲ့သမားစဉ်အလုပ်တစ်ခုဖြစ်နေပါပြီ။ ယခုလို သစ္စာရှိရှိပေးဆပ်မှုတွေကို လက်နက်ကိုင်တွေရဲ့စနက်ကြောင့် အမှန်တကယ် ဒုက္ခပင်လယ်ဝေရရှာတဲ့ တိုင်းရင်းသားဒေသခံတွေက ပိုသိပိုနားလည်၊ ပိုတန်ဖိုးထားတာတွေ့ရတယ်။ နယ်စွန်နယ်ဖျားက ရိုးသားတဲ့ တိုင်းရင်းသားတွေဆိုရင် တပ်မတော်သားတွေအပေါ် အားကိုးရလို့ ပိုပြီးချစ်မြတ်နိုးကြတယ်။ ဒါကြောင့် တပ်မတော်သားတွေက သူတို့ရဲ့ဘဝနဲ့ထပ်တူ စိတ်ဓာတ်ကောင်းစွာနဲ့ ယခုလိုပေးဆပ်မှုတွေအပေါ်မှာ ပြည်သူအားလုံးအနေနဲ့ တန်ဖိုးထားစေချင်၊ အသိအမှတ်ပြုစေချင်ပါတယ်။ ထိုသို့သော တန်ဖိုးထားမှုကသာ တပ်မတော်သားတွေရဲ့စိတ်ဓာတ်နဲ့ယုံကြည်ချက်ကို ပိုမိုမြင့်မားစေမှာဖြစ်ပါတယ်။

**သူရဲကောင်းစိတ်ဓာတ်ဟူသည်**

မြန်မာ့တပ်မတော်သားတွေဟာ သူရဲကောင်းပီသသူတွေဖြစ်ကြသလို ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှာ စွန့်ဝံ့စွန့်စား အာဇာနည်အမြောက်အမြား ပေါ်ထွက်ခဲ့ကြဖူးတယ်။ ယခုမျက်မှောက်ဖြစ်စဉ်တွေမှာ ရန်သူက မိမိတို့တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကို အကြိမ်ကြိမ်ရိုက်ချိုးပြနေတဲ့ကြားမှ စစ်မြေပြင်မှာ စစ်သားမာန်အပြည့်ရှိတဲ့ အရာရှိ ကြီး ငယ်၊ စစ်သည်သူရဲကောင်းများစွာ ထွက်ပေါ်လာနေခြင်းဟာ မြန်မာ့တပ်မတော်အတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ ရန်သူဘက်က သာလွန်အင်အားနဲ့ အပြင်းအထန်ထိုးစစ်ဆင်နေတဲ့ စစ်မြေပြင်မှာ အခြေအနေအရ ခွာစစ်ဆင်ရပြီး ရန်သူချီစစ်ကို ရပ်တန့်အောင် လုပ်နိုင်စွမ်းရှိခဲ့တယ်။ ကိုယ့်စစ်သည်တွေရဲ့အသက်ကို ငဲ့ကွက်ပြီး ဆုတ်ခွာဖို့ အထက်က အမိန့်ပေးတာတောင် မိမိစခန်းကိုမစွန့်၊ အသေခံပြီး ကိုယ့်ငယ်သားတွေ ဘေးကင်းအောင် သေအတူရှင်မကွာရှိခဲ့ကြတဲ့ တိုက်ပွဲဝင်အရာရှိကြီးတွေရဲ့ သတ္တိနဲ့စစ်ရေးစွမ်းရည်၊ ရန်သူ့ထိုးစစ်ကို လက်နက်မချ၊ သေမြေကြီး ရှင်ရွှေထီးပမာ သူရဲကောင်းပီသစွာ ခုခံတိုက်ခိုက်ခဲ့တဲ့ အရာရှိငယ်တွေ၊ ရဲတပ်ဖွဲ့အရာရှိစစ်သည်တွေကို တွေ့ရမြင်ရတာ အားရစရာပါ။

ရာနဲ့ချီတဲ့ရန်သူရဲ့ ရက်ကြာရှည် ဝိုင်းပတ်ပိတ်ဆို့ခံရတဲ့ စခန်းက မိမိစစ်သည်တွေ စိတ်ဓာတ်မပျက်ပြားအောင် လှုံ့ဆော်နိုင်ခဲ့တဲ့ စည်းရုံးရေးမှူးခေါင်းဆောင်ကောင်းတွေအကြောင်း ကြားသိခဲ့ရတယ်။ ဒါဟာ စစ်သားပီသသူတွေကိန်းအောင်းရာ မြန်မာ့တပ်မတော်အတွက် အားရဂုဏ်ယူစရာဖြစ်ပါတယ်။ ယခုလို စိတ်ဓာတ်မျိုးတွေကို ပြည်သူအားလုံး၊ တပ်မတော်သားအားလုံးက လေ့လာအတုယူသင့်ပါတယ်။ သို့ပေမဲ့ ရန်သူပေါင်းစုံဟာ ပြည်ပသြဇာခံပြီး နိုင်ငံကို အလုံးစုံပျက်သုဉ်းရေး လမ်းစဉ်လိုက်ကာ စစ်မီးတောက်အောင် အဆက်မပြတ်လုပ်ဆောင်နေတဲ့အတွက် ယနေ့ခေတ်အရာရှိ စစ်သည်တွေမှာ တိုက်လို ခိုက်လိုစိတ်နဲ့ တိုက်ပွဲဝင်စိတ်ဓာတ်၊ သေရဲတဲ့စိတ်နဲ့ ဘယ်တော့မှ အလံဖြူမထောင်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးကိုတော့ သံမှိုနှက်သလို ရိုက်သွင်းထားဖို့လိုအပ်ပါမယ်။

စာမျက်နှာ ၇ သို့ ○

“ မြန်မာ့တပ်မတော်သားတွေဟာ သူရဲကောင်းပီသသူတွေဖြစ်ကြသလို ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှာ စွန့်ဝံ့စွန့်စား အာဇာနည်အမြောက်အမြား ပေါ်ထွက်ခဲ့ကြဖူးတယ်။ ယခုမျက်မှောက်ဖြစ်စဉ်တွေမှာ ရန်သူက မိမိတို့တပ်ဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကို အကြိမ်ကြိမ်ရိုက်ချိုးပြနေတဲ့ကြားမှ စစ်မြေပြင်မှာ စစ်သားမာန်အပြည့်ရှိတဲ့ အရာရှိ ကြီး ငယ်၊ စစ်သည်သူရဲကောင်းများစွာ ထွက်ပေါ်လာနေခြင်းဟာ မြန်မာ့တပ်မတော်အတွက် ဂုဏ်ယူစရာဖြစ်ပါတယ်။ ရန်သူဘက်က သာလွန်အင်အားနဲ့ အပြင်းအထန်ထိုးစစ်ဆင်နေတဲ့ စစ်မြေပြင်မှာ အခြေအနေအရ ခွာစစ်ဆင်ရပြီး ရန်သူချီစစ်ကို ရပ်တန့်အောင် လုပ်နိုင်စွမ်းရှိခဲ့တယ်။ ကိုယ့်စစ်သည်တွေရဲ့အသက်ကို ငဲ့ကွက်ပြီး ဆုတ်ခွာဖို့ အထက်က အမိန့်ပေးတာတောင် မိမိစခန်းကိုမစွန့် ၊ အသေခံပြီး ကိုယ့်ငယ်သားတွေဘေးကင်းအောင် သေအတူရှင်မကွာရှိခဲ့ကြတဲ့ တိုက်ပွဲဝင်အရာရှိကြီးတွေရဲ့သတ္တိနဲ့စစ်ရေးစွမ်းရည်၊ ရန်သူ့ထိုးစစ်ကို လက်နက်မချ၊ သေမြေကြီး ရှင်ရွှေထီးပမာ သူရဲကောင်းပီသစွာ ခုခံတိုက်ခိုက်ခဲ့တဲ့ အရာရှိငယ်တွေ၊ ရဲတပ်ဖွဲ့အရာရှိစစ်သည်တွေကို တွေ့ရမြင်ရတာ အားရစရာပါ။ ”

# “ ချစ်ညီ စစ်သည်သို့ ”

❖ တိုင်းပြည်အတွက်
ရပ်တည်ချက် မြဲမြဲ ..
ပြည်သူအတွက်
ခံယူချက် ဖြောင့်မှန် ..
ဦးထိပ်ပန်ရွက် ၊ လေးချက် သစ္စာ
ခန္တာတည်သရွေ့ မြဲစေလော့... ။

❖ ဆယ်ပြန်ဆယ်သက် ၊ မငဲ့ကွက်ဘဲ
လေ့ခွက်ချည်းကျန် ၊ အညံ့မခံတဲ့ စိတ် ..
ငုပ်မိသဲတိုင် ၊ တက်နိုင်ဖျားရောက်လိုတဲ့ စိတ် ..
တုံးတိုက်တိုက် ကျားကိုက်ကိုက် ၊
အောင်လံစိုက်ထူလိုတဲ့ စိတ် ..
ဒီစိတ်ဓာတ် ဒီပုံရိပ်တွေနဲ့
ဂုဏ်ဟိတ်မြင့်မား
စွမ်းပကားကို ပြကြလော့ .... ။

❖ ငါ့နိုင်ငံတော် ငါ့နိုင်ငံသား ၊ တန်ဖိုးထားလျက်
စော်ကားနှောင့်ယှက် ၊ အဖျက်ရန်မှန်သမျှ
မှန်ကန်တဲ့ လုပ်ရပ်
မွန်မြတ်တဲ့ စိတ်ထား
အားကောင်းတဲ့ စွမ်းရည်
နီစွေးတဲ့သတ္တိ ၊ သံမဏိဟော့
လာထိမခံ
ဇာတိမာန်နဲ့ ချေမှုန်းလော့ .... ။

❖ ချစ်ညီတို့ကား . . .
ပြည့်သားရင်နှစ် ၊ သန္ဓေစစ်မို့
ဒို့ခေတ် ဒို့သမိုင်း ၊ မရိုင်းရအောင် ..
တိုင်းပြည်အချုပ်အခြာ ၊ မြဲခိုင်မာအောင် ..
မျိုးချာဆွေရင်း ၊ အပူကင်းအောင် ..
မာန်တင်းအားမွေး ၊ နှလုံးသွေးနဲ့
ဒို့သွေးနီမောင်း ၊ ရဲရင့်ကြောင်းလျှင်
ကောင်းမွေမော်ကွန်း တည်စေလော့။
သားကောင်းစစ်သည် ပီစေလော့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**
(တပ်မတော်သားများသို့ လေးစားဂုဏ်ပြုလျက်)

---

❍ စာမျက်နှာ ၆ မှ

**နိုင်ငံချစ်စိတ်အစ စိတ်ဓာတ်ကောင်းတွေရှိနေသရွေ့**

သူရဲကောင်းများစွာမွေးဖွားရာ မြန်မာ့တပ်မတော်မှာ ကမ္ဘာ့အခြားဘယ်တပ်မတော်နဲ့မှ မတူတဲ့အချက်တစ်ခုက ရှိနေတယ်၊ ခေတ်အဆက်ဆက်လိုအပ်ချက်အရ တိုက်ပွဲနဲ့မပြတ်တဲ့ တပ်မတော်တစ်ခုရဲ့ကံကြမ္မာဟာ လွတ်လပ်ရေးမရမီနဲ့ ရပြီးတောက်လျှောက် နိုင်ငံရေး ဒီရေအတက်အကျနဲ့ ဆက်စပ်နေတဲ့အချက်ဟာ ထူးခြားချက်ပါပဲ။ အရှုပ်အထွေးများတဲ့ နိုင်ငံရေးပယောဂနဲ့အတူ အဘက်ဘက်က ပျက်စီးစေလိုတဲ့ နိုင်ငံရေးကွဲလွဲမှုတွေကြား၊ ဝါဒမှိုင်းတွေကြားမှာ တပ်မတော်ရဲ့ပုံရိပ်ဟာ အတော်အတန် ထိခိုက်ခဲ့ရပေမယ့် တပ်မတော်သားတွေဟာ ခေတ်အဆက်ဆက်မှာ နိုင်ငံနဲ့ပြည်သူအတွက်၊ တပ်မတော်အတွက် အသက်စွန့်ဖို့ ဘယ်သောအခါမှ ဝန်မလေးခဲ့ကြသူတွေ ဖြစ်တဲ့အတွက် စွန့်လွှတ်ပေးဆပ်ရင်းနဲ့ စစ်မြေပြင်မှာ ကျန်ခဲ့ရသူတွေကို ကျွန်တော်တို့အားလုံးက မမေ့မလျော့ အလေးထား ဂုဏ်ပြုကြရပါမယ်။ သူတို့ဟာ အခြေအနေဆိုးတွေအကြား တာဝန်အလွှန်ကျေပွန်ခဲ့ကြပြီး အများအတွက် အနစ်နာခံခဲ့သူတွေ ဖြစ်ကြတယ်။ ပေးအပ်တဲ့တာဝန်ကို ဦးဆွေးဆံမြည့်ထမ်းရွက်ရင်း တပ်မတော်အပေါ် ထာဝရသစ္စာရှိသူတွေလည်း ဖြစ်တယ်။ အမေ့ခံတွေမဟုတ်တဲ့အတွက် မမေ့နိုင်တဲ့သူတွေကတော့ ထာဝစဉ်ဂုဏ်ပြုလျက်ပါ။

အလေးဂရုပြုရမယ့်အချက်တစ်ခုက နောင်လာနောက်သားတွေရဲ့နှလုံးသားမှာ ယခုလို နိုင်ငံချစ်စိတ်ထက်သန်ရှင်သန်နေဖို့ အမြဲပြောနေ၊ အမြဲမျှဝေနေဖို့ လိုအပ်ခြင်းပါပဲ။ နိုင်ငံချစ်စိတ်ဆိုတာ ဒီနိုင်ငံမှာဖွားပြီး ဒီနိုင်ငံအကျိုးသယ်ပိုးတဲ့ နိုင်ငံသားကောင်းတွေမှာသာရှိနိုင်တဲ့ စိတ်ဓာတ်မျိုးဖြစ်ကြောင်း ယနေ့လူငယ်တွေ သိရှိထားသင့်ပါတယ်။ လွတ်လပ်ရေးနဲ့အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်ကြီးကို ဂုဏ်ယူတတ်ရမှာဖြစ်ပြီး စစ်သည်တွေရဲ့ စွန့်လွှတ်ရဲတဲ့ သတ္တိဗျတ္တိကို ဂုဏ်ယူလေးစား နေအောင်၊ သူတို့တွေရဲ့ပင်ပန်းဆင်းရဲမှုကို စာနာနားလည်နိုင်အောင်၊ တန်ဖိုးရှိရှိသေခြင်းနဲ့ တန်ဖိုးမဲ့သေခြင်းအကြား ခွဲခြားနားလည်အောင် သင်ကြားပြသပေးသင့်ပါတယ်။

> **❛ အလေးဂရုပြုရမယ့်အချက်တစ်ခုက နောင်လာနောက်သားတွေရဲ့နှလုံးသားမှာ ယခုလို နိုင်ငံချစ်စိတ် ထက်သန်ရှင်သန်နေဖို့ အမြဲပြောနေ၊ အမြဲမျှဝေနေဖို့ လိုအပ်ခြင်းပါပဲ။ နိုင်ငံချစ်စိတ်ဆိုတာ ဒီနိုင်ငံမှာဖွားပြီး ဒီနိုင်ငံအကျိုးသယ်ပိုးတဲ့ နိုင်ငံသားကောင်းတွေမှာသာ ရှိနိုင်တဲ့စိတ်ဓာတ်မျိုးဖြစ်ကြောင်း ယနေ့လူငယ်တွေ သိရှိထားသင့်ပါတယ်။ လွတ်လပ်ရေးနဲ့ အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်ကြီးကို ဂုဏ်ယူတတ်ရမှာဖြစ်ပြီး စစ်သည်တွေရဲ့ စွန့်လွှတ်ရဲတဲ့ သတ္တိဗျတ္တိကို ဂုဏ်ယူလေးစား နေအောင်၊ သူတို့တွေရဲ့ ပင်ပန်းဆင်းရဲမှုကို စာနာနားလည်နိုင်အောင်၊ တန်ဖိုးရှိရှိသေခြင်းနဲ့ တန်ဖိုးမဲ့သေခြင်းအကြား ခွဲခြားနားလည်အောင် သင်ကြားပြသပေးသင့်ပါတယ်။ ❜**

သေပြီးမှသူရဲကောင်းဖြစ်တာမဟုတ်၊ မသေခင်ကတည်းက သူရဲကောင်းတွေအဖြစ် သတ်မှတ်ခံထိုက်သူတွေဖြစ်အောင် ကြိုးစားကြရမယ်။ အသက်ခန္ဓာစွန့်လွှတ်ခဲ့တဲ့ တပ်မတော်သားတွေကို နမူနာယူပြီး နိုင်ငံရဲ့ ကာကွယ်ရေးခွန်အားဖြစ်တဲ့ ပညာတတ်သူရဲကောင်းတွေ ရှိနေသရွေ့ ငါတို့တိုင်းပြည်ဟာ ဘယ်တော့မှမကျဆုံးဘူးဆိုတဲ့ စိတ်ဓာတ်မျိုးကို ခေတ်အဆက်ဆက် လေ့ကျင့်မွေးမြူထားနိုင်ရပါမယ်။

ဘယ်လိုဖြစ်ဖြစ်ပါ၊ မြန်မာ့တပ်မတော်နဲ့ တပ်မတော်သားတွေကတော့ ပြည်သူကို ဘယ်တော့မှ သစ္စာမဖောက်၊ ခေတ်အဆက်ဆက် မပြီးဆုံးနိုင်တဲ့ ပဋိပက္ခများနဲ့ ဘေးအန္တရာယ်ကြုံတိုင်းမှာ မိမိတို့ရဲ့ အသက်သွေးချွေးခန္ဓာဝိညာဉ်တွေကို ပေးဆပ်နေကြဦးမှာပါ။ အရေးကြီးဆုံးက ကျွန်ုပ်တို့ရဲ့တပ်မတော်ကြီး ရုပ်ပိုင်း၊ စိတ်ဓာတ်ပိုင်း အင်အားတောင့်တင်းနေဖို့နဲ့ အချင်းချင်းသစ္စာရှိဖို့ အဓိကဖြစ်ပါတယ်။ သပ်လျှိုဖြိုခွဲ သွေးခွဲစကားတွေကို မယုံမိဖို့လိုပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးဆိုတဲ့ ပေတံနဲ့ တိုင်းတာနိုင်တဲ့အချက်တွေကို ပိုင်ဆိုင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းဟာ တပ်မတော် တစ်ခုပဲဖြစ်ပါတယ်။ နိုင်ငံရေးအရတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု အာမခံချက်က တပ်မတော်လက်ထဲမှာပဲ ရှိပါတယ်။

နောက်ဆုံး နိုင်ငံနဲ့ပြည်သူကို အသက်ပေးကာကွယ်ပေးနိုင်စွမ်းသည်လည်း တပ်မတော်မှာပဲ ရှိပါတယ်။ လက်ရှိအခြေအနေအရတော့ စစ်ကို မုန်းပေမယ့် ငြိမ်းချမ်းရေးကိုဖျက်ဆီး၊ စစ်မီးမွေးသူတွေကြောင့် စစ်ကိုမတိုက်ချင်ဘဲ တိုက်နေရပါဦးမယ်။ အနိုင်အရှုံး မပြီးသေးတဲ့ပွဲမှာ ငြိမ်းချမ်းရေးကို လိုချင်လို့ စစ်ကိုဆက်လက်ဆင်နွှဲရပါဦးမယ်။ ကျူးကျော်မှုကို ခုခံတွန်းလှန်ဖို့ ပြင်ဆင်ထားရပါမယ်၊ နယ်ချဲ့ကို ရင်ဆိုင်နိုင်အောင် အင်အားရှိရပါမယ်၊ မတရားမှုကို တားဆီးနိုင်ရပါမယ်။ သေချာတာတစ်ခုက နိုင်ငံနဲ့ ပြည်သူအတွက် အမျိုးဘာသာသာသနာအတွက် ဆင်နွှဲရသော တရားသောစစ်ပွဲဖြစ်တဲ့အတွက် အောင်ပွဲသည် လက်တစ်ကမ်းမှာပဲ ရှိနေတယ်ဆိုတဲ့ ယုံကြည်ချက်ပါ။ ထိုအချက်ကို အခိုင်အမာနှလုံးသွင်းပြီး စိတ်ဓာတ်ခွန်အားများ တတ်နိုင်တဲ့ဘက်က ပေးကြရအောင်ပါ။ ဘယ်လိုတိုက်ပွဲဖြစ်ဖြစ် ပေးဆပ်အနစ်နာခံသူတွေရှိနေသရွေ့ အောင်ပွဲအလီလီရနေမှာပဲ ဖြစ်ပါတယ်။ ။

---

## သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး



သထုံ မတ် ၂၁

မွန်ပြည်နယ် သထုံမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသော ဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့ဆေးရုံကြီးရှေ့ရှိ လူနာစောင့်နားနေဆောင်၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော်ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များကို ရောင်းချပေးခြင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြစိမ်းရောင်(နို့စားနွား) မွေးမြူရေးအစုအဖွဲ့တို့ ပူးပေါင်းကာ နွားနို့တိုက်ကျွေးခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ စောင့်ရှောက်မှုပေးရာတွင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့မှ လိုအပ်သည်တို့ကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မတ် ၂၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ မတ် ၁၂ ရက်မှ ၂၀ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ လေ့လာရေးသွားရောက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့မှ တာဝန်ရှိသူများကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Ms. Ella Pamfilova နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ရေးဗဟိုဌာန၌ ကျင်းပသော ရှင်းလင်းပွဲသို့ တက်ရောက်ခြင်း၊ မော်စကိုမြို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးဌာနချုပ်သို့ သွားရောက်လေ့လာခြင်း၊ မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် "ရွေးကောက်ပွဲဆိုင်ရာ အချုပ်အခြာအာဏာပိုင်မှုနှင့် နိုင်ငံတကာစံနှုန်းများ" ခေါင်းစဉ်ဖြင့်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ ပါဝင်တက်ရောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၅ ရက်မှ ၁၇ ရက်အတွင်း မော်စကိုမြို့နှင့် Kolomna ခရိုင်အတွင်းရှိမဲရုံများတွင် မဲလက်မှတ်အသုံးပြုမဲပေးနေမှု၊



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာရေးအဖွဲ့များက သုံးသပ်ချက်နှင့်အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။

e-Voting စနစ်ဖြင့် မဲပေးနေမှုတို့ကို လေ့လာကြည့်ရှုခဲ့ကြပြီး ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ မဲဆန္ဒရှင်စာရင်းစစ်ဆေးသည့် အဆင့်မှသည် မဲပုံးအတွင်းသို့ မဲစာရွက်ထည့်သည့်အဆင့်အထိ အသေးစိတ်လေ့လာဆောင်ရွက်ခဲ့ကြသည်။ အလားတူ မဲရုံဆောင်ရွက်နေမှုအခြေအနေများကို CCTV ဖြင့် စောင့်ကြည့်လေ့လာနေမှုတို့ကိုလည်း သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

**တက်ရောက်ခဲ့**

ထို့ပြင်ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၈ ရက်တွင် ဗဟိုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်းသည့် သုံးသပ်ချက်နှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံ အခြေအနေများ၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှုနည်းစနစ်များ၊ မဲရုံများဖွင့်လှစ်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် နည်းပညာအသုံးပြု ဆောင်ရွက်နေမှုအခြေအနေများနှင့် မဲပေးမှု၊ မဲရေတွက်မှုလုပ်ငန်းစဉ် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိလေ့လာခွင့်ရရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအပါအဝင် အထင်ကရနေရာများသို့ သွားရောက်လေ့လာခွင့်များရရှိခဲ့ကြသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို နိုင်ငံပေါင်း ၁၀၆ နိုင်ငံမှ ရွေးကောက်ပွဲလေ့လာသူ ၇၀၆ ဦး လာရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် သမ္မတကိုယ်စားလှယ်လောင်း လေးဦးအနက် လက်ရှိသမ္မတ ဗလာဒီမာပူတင်က ဆန္ဒမဲ ၈၇ ဒသမ ၂၈ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်အတွင်း MSME လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး၊ ပြည်ပသို့တင်ပို့နိုင်သည်အထိ ထုတ်လုပ်နိုင်ရေး၊ ဒေသအလိုက်ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း စက်မှုဇုန်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရေး၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေး၊ စက်မှုဇုန်နှင့် စက်မှုဇုန် ပြင်ပ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊ စားရေရိက္ခာဖူလုံစေရေး၊ လုပ်ငန်းများ မြန်ဆန်အောင်မြင်ရေးအတွက် One Stop Service ဖြင့် ဆောင်ရွက်ရေးတို့ကို အားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အတွင်း MSME လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများ အလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**တောင်ငူ မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းတွင် အစိုးရကျောင်းတွင်းသင် ရှမ်းစာပေနှင့် ဘာသာစကားသင် ဆရာ ဆရာမများ၏ မွမ်းမံသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီနီရွှေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာထွန်းနှင့်အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးမြင့်တို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တောင်ငူခရိုင်ရှမ်းလူငယ်အသင်း ဥက္ကဋ္ဌ စိုင်းအောင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ နန်းဆိုင်လောဝ်ငင်းက သင်တန်းနှင့်ပတ်သက်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မတ် ၁၆ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အစိုးရကျောင်းတွင်းသင် ရှမ်းစာပေနှင့် ဘာသာစကားသင် ဆရာ ဆရာမ ၁၅ ဦးတက်ရောက်ခဲ့ပြီး သင်တန်းတွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုများ၊ ရှမ်းလူမျိုးတို့၏ သမိုင်းကြောင်းနှင့် အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ လက်ဆွဲအိတ်ပြုလုပ်နည်းတို့ကို လက်တွေ့သင်ကြားပေးခဲ့ကြောင်းသိရသည်။ **ဇော်ကိုကို (တောင်ငူ)**



# ပြည်သူ့စစ်မှုထမ်းဥပဒေအရအမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်းသိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မှာ ဖြစ်ပါတယ်

**နိုင်ငံတော်ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ကျရာအခန်းကဏ္ဍမှ ကိုယ်တိုင်ကိုယ်ကျပါဝင်လိုစိတ်တို့ကို သန္ဓေတည်မွေးဖွားပေးနိုင်ရန်နှင့် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သော လူငယ်များအဖြစ် ပြုစုပျိုးထောင်ရန် အခြေခံပညာအဆင့်တွင် ကင်းထောက်လူငယ်များအဖြစ်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်တွင် တက္ကသိုလ်အရန် တပ်ရင်းဟုခေါ်သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) တပ်ဖွဲ့ဝင်များအဖြစ်လည်းကောင်း နိုင်ငံတော်က လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။**

အဆင့်မြင့်ပညာအဆင့် ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) တက်ရောက်ခြင်းအားဖြင့် တပ်မတော်၏ ဓလေ့စရိုက်နှင့် သဘောသဘာဝတို့ကို နားလည်စေပြီး စစ်ပညာရပ်များအား လေ့ကျင့်သင်ကြားနိုင်သော အခွင့်အရေးရရှိ၍ အနာဂတ်လုပ်ငန်းနယ်ပယ် အသီးသီး၌ တာဝန်ထမ်းဆောင်ချိန်တို့တွင် တွေ့ကြုံရမည့် အခက်အခဲ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ခြင်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်စေမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတွင် အရန်အင်အားစုများအဖြစ် အကျိုးပြုစေခြင်း၊ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်ခြင်း၊ အချိန်ကို အကျိုးရှိစွာ စနစ်တကျစီမံခန့်ခွဲတတ်ခြင်းနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြုံလာလျှင် နိုင်ငံသားတစ်ဦးအနေဖြင့် တစ်ထောင့်တစ်နေရာမှ တာဝန်ထမ်းဆောင်နိုင်ရန် အသင့်ဖြစ်စေခြင်း စသည့်ခံယူချက်နှင့် အတွေ့အကြုံကောင်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

ခေတ်အဆက်ဆက် တက္ကသိုလ်ပညာသင်ယူရင်း စစ်ပညာကို စိတ်ပါဝင်စားစွာသင်ယူလိုကြသည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်လေ့ကျင့်ရေးတပ်(UTC) သို့ တပ်ဖွဲ့ဝင်အဖြစ် ဝင်ရောက်ကြပြီး နိုင်ငံသားကောင်းတစ်ဦးပီသစွာ တာဝန်ကျေပွန်ခဲ့ကြသည်။ UTC မှ မွေးထုတ်ပေးလိုက်သူများသည် ယနေ့တွင် စစ်ဘက်၊ အရပ်ဘက်တို့၌ တိုင်းပြည်တာဝန်ကို ဦးလည်မသုန် စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိရာ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် တစ်ဦးဖြစ်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)နှင့် ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။** ။ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ UTC ဘယ်လိုကြောင့် တက်ရောက်ဖြစ်ခဲ့တယ် ဆိုတာကို သိလိုပါတယ်။

**ဖြေ။** ။ ကျွန်တော်က အခြေခံပညာအထက်တန်းစာမေးပွဲကို မေမြို့(ပြင်ဦးလွင်)ကနေ ၁၉၇၂ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ အခြေခံသိပ္ပံပညာရည်ချွန်ဆုလျှောက်ထားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှာ သင်္ချာအဓိကနဲ့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဆောင်လျှောက်တဲ့အခါ ပင်းယဆောင်မှာ နေခွင့်ရခဲ့ပါတယ်။ တက္ကသိုလ်တက်တဲ့ အချိန်မှာ စစ်သားတွေ ယူနီဖောင်းဝတ်နဲ့ ကျောင်းတက်ကြတာကို တွေ့ရပါတယ်။ မေမြို့စစ်တက္ကသိုလ်က အသိတွေ၊ နည်းပြတွေလည်း ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့လွန်သင်တန်းတက်နေတာကြောင့် စစ်သားတွေလည်း တက္ကသိုလ်တက်ခွင့်ရတယ်လို့ သိလိုက်တယ်။

တစ်ပတ်လောက်နေတော့ ပင်းယဆောင်မှာ အခန်းချင်းကပ်လျက် သူငယ်ချင်းကို ယူနီဖောင်း နဲ့တွေ့လို့မေးလိုက်တဲ့အခါ UTC တပ်ဖွဲ့ဝင်ထားတယ်လို့ သိရတယ်။ သူက နွေရာသီပိတ်ရက်မှာ သူတို့ စခန်းချတဲ့ နေရာကနေ ပို့စကတ်ပို့တော့မှ UTC အကြောင်းကို ပိုပြီးစိတ်ဝင်စားလာတယ်။ အဲဒီတုန်းကစည်းမျဉ်းက ပထမနှစ်မှာပဲ ဝင်ခွင့်ပေးတယ်။ ကံအားလျော်စွာ ဒုတိယနှစ်အောင်လို့ တတိယနှစ်ရောက်တဲ့အခါ UTC သင်တန်းကို ၂ နှစ်တက်နိုင်ရင် ဝင်ခွင့်ပြုမယ်ဆိုတဲ့အတွက် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် UTC လျှောက်ကြတယ်။ ကျွန်တော်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တာဝန်ထမ်းဆောင် သွားတဲ့ ဒေါက်တာအောင်သူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး တာဝန်ထမ်းဆောင်သွားတဲ့ ကိုကျော်တင်နဲ့ အခြားသူငယ်ချင်းတွေလည်း UTC လျှောက်ကြပြီး ရန်ကုန်မှာရှိတဲ့ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာ ပထမနှစ်သွားတက်ကြတယ်။

**မေး။** ။ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် UTC တက်ရောက်ခဲ့တဲ့ အတွေ့အကြုံကို မျှဝေပေးစေလို ပါတယ်။

**ဖြေ။** ။ မေမြို့မှာက တပ်တွေအများကြီးရှိတယ်။ စစ်တက္ကသိုလ် အပြင် တပ်သားသစ်တွေ မွေးထုတ်တဲ့ အမှတ်(၂)လေ့ကျင့်ရေးတပ်၊ ဗဟိုအင်ဂျင်နီယာတပ်၊ ဗဟိုဆက်သွယ်ရေးတပ်၊ ဗဟိုလျှပ်စစ်တပ်၊ ပညာရေးကျောင်းစတာတွေ တော်တော်စုံစုံရှိတယ်။




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း)

တပ်တွေများတော့ စစ်သားတွေရဲ့ ကြမ်းတာ၊ ရမ်းတာ၊ စကားပြောရိုင်းတာ ဒါတွေ ငယ်စဉ်ကတည်းကနားမဆံ့အောင် ကြားသိနေရတယ်။ ကျွန်တော်က မေမြို့သားဖြစ်လေတော့ မြို့ခံလေးတစ်ယောက်အနေနဲ့ စစ်တပ်ဆိုတာ ရွံ့ကြောက်ကြီးပေါ့။

ဥပမာတစ်ခုပြောရရင် ကျွန်တော့်ကျောင်းနေဖက် ငယ်သူငယ်ချင်းရဲ့ အစ်မဟာ ချောချောလှလှလေး ဖြစ်ပါတယ်။ အဲဒီကလေးမလေးကို စစ်သားစာဖြစ်မှာပါပဲဆိုပြီး ငယ်ငယ်က တွေ့ကြုံဖူးတဲ့ စစ်သားကြီးတွေက ပြောဆိုကြပါတယ်။ အဲဒီတစ်ယောက်က အသက်အရွယ်ငယ်စဉ်ဘာမှ နားမလည်ခင်မှာ ကြားလိုက်ရတဲ့စကားကို နားစွဲပြီး ချောမောလှပပါလျက် အပျိုကြီးလုပ်သွားခဲ့တယ်။ မကောင်းသတင်းဆိုတာက ပျံ့နှံ့လွယ်တယ်။ ဟုတ်တာလည်းရှိမယ်၊ မဟုတ်တာလည်းရှိမယ်။ ဒါကြောင့် ကျွန်တော် ၁၀ တန်းအောင်ချိန်မှာ ကိုယ့်မြို့မှာရှိတဲ့ စစ်တက္ကသိုလ်ကို မလျှောက်ဘဲ ဝေးလံတဲ့ ရန်ကုန်တက္ကသိုလ်ကို တက်ရောက်ခဲ့တယ်။

တက္ကသိုလ်မှာ သူငယ်ချင်းအရင်းအချာတစ်ယောက်က UTC တက်တော့ အပျော်တမ်းတပ်ဖြစ်ပြီး တက္ကသိုလ်တက်နေရင်းလည်း တက်လို့ရတယ်ဆိုတော့ ဝင်ကြည့်ချင်စိတ်ပေါ်လာတယ်။ အဲဒါကြောင့် တက်ဖြစ်သွားတယ်။ UTC မှာ နည်းပြဆရာကြီးတွေက တပ်ကြပ်ကြီးတွေပါ။ အင်မတန်ကို တော်ကြပါတယ်။ ဆဲသံ၊ ဆိုသံလုံးဝမပါဘဲ စစ်ရေးပြကစလို့ လက်နက်ငယ်၊ ကိုယ်စီ စစ်မြေပြင်ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာ စတာတွေကို အချိန်တိုအတွင်းမှာ နားလည်တတ်ကျွမ်းအောင်၊ စိတ်ထဲစွဲအောင် သေသေချာချာသင်ကြားပေးကြပါတယ်။ ကျွန်တော်တို့တွေက ဒီဆရာကြီးတွေကို လေးစားကြတယ်။

၁၉၇၇ ခုနှစ် ဘွဲ့ရပြီး မဟာတန်းဆက်တက်နေချိန် မိသားစုအတွက် ဝင်ငွေရတဲ့ အလုပ်တစ်ခု မဖြစ်မနေလုပ်ရတော့မယ့် အကျပ်အတည်းကာလမှာ ဗိုလ်လောင်းသင်တန်းခေါ်တော့ ဝင်ဖြေပြီး စစ်သားဘဝကို ရွေးချယ်ခဲ့တယ်။ အဲဒီကနေ တပ်မတော်သားဘဝစခဲ့တာပဲ ဖြစ်ပါတယ်။ အကယ်၍သာ UTC မတက်ရောက်ဖြစ်ခဲ့ရင် တပ်မတော်နဲ့ ပတ်သက်လို့ အမှန်အတိုင်းမသိနိုင်ဘဲ ငယ်ငယ်က စွဲလာတဲ့ ရွံ့ကြောက်စိတ်နဲ့ပဲနေသွားဖြစ်မယ်ထင်ပါတယ်။

**မေး။** ။ တက္ကသိုလ်လေ့ကျင့်ရေးတပ် (UTC) ဟာ နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရေးအတွက် ဘယ်လောက်အထိ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေတယ်ဆိုတာကို ပြောကြားပေးစေလိုပါတယ်။

**ဖြေ။** ။ ကျွန်တော်က မေမြို့(ပြင်ဦးလွင်)မှာ မွေးဖွားကြီးပြင်းခဲ့ရလို့ တပ်ကို အမြင်တိမ်းစောင်းခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင် စစ်သားဘဝရောက်မှ တပ်အကြောင်းကို ပိုသိသွားတယ်။ အပြင်ကနေဆိုတော့ မကောင်းမြင်တယ်။ အဲဒီတုန်းက တက္ကသိုလ်လေ့ကျင့်ရေးတပ်ဆိုတာသာ မရှိခဲ့ရင် ကျွန်တော်စစ်သား ဖြစ်လာမှာမဟုတ်ပါဘူး။ တပ်ကို ရွံ့ကြောက်ကြီးဖြစ်နေတဲ့ အခံစိတ်ကရှိနေတော့ တပ်နဲ့ပတ်သက်စရာအကြောင်းကိုမရှိဘူး။ UTC ရှိလို့သာ UTC ဝင်လိုက်ခြင်းအားဖြင့် စစ်သားတွေဘဝ၊ စစ်ပညာကို တစ်စိတ်တစ်ပိုင်းသိပြီး စိတ်ဝင်စားသွားလို့ လုပ်ကြည့်မယ်၊ ဝင်ကြည့်မယ်ဆိုပြီး ဝင်ကြည့်လိုက်တော့ တပ်က ကိုယ်သိထားသလိုမဟုတ်ဘူး။ သူ့စည်း၊ သူ့ကမ်းနဲ့ပဲ။ အခက်အခဲတွေတော့ ကြုံတာပေါ့။ တပ်ထဲမှာ ၄၃ နှစ်နေတော့ အခက်အခဲမကြုံဖူးဘူးဆိုတာတော့မဟုတ်ဘူး။ ကြုံခဲ့တာပဲ။ တော်ပါပြီလို့ တွေးခဲ့တဲ့ အချိန်တွေလည်း အများကြီးပါပဲ။ သို့သော်လည်း လုပ်ရင်းလုပ်ရင်းနဲ့ ၄၃ နှစ်တောင်ကျော်သွားတယ်။ နေပျော်သွားတာပေါ့။ လုပ်ဖြစ်သွားတာပေါ့။

ဒီတော့ UTCရဲ့ ကဏ္ဍက ဘယ်လောက်အရေးကြီးသလဲဆိုရင် တပ်နဲ့ပတ်သက်ပြီး အထင်လွဲမှားနေတာတွေ၊ မသိတဲ့သူတွေ၊ တက္ကသိုလ်အသိုင်းအဝိုင်းက ပညာတတ်တွေက UTC ကြောင့် တပ်မတော်နဲ့ ပတ်သက်ပြီး မှန်မှန်ကန်ကန်သိမြင်လာတဲ့ရလဒ်ကို ရလာတာဖြစ်ပါတယ်။ တပ်ထဲမှာ မြင့်မြင့်မားမား တာဝန်ထမ်းဆောင်နေတဲ့လူတွေထဲမှာ UTCထွက်တွေ အများကြီးပဲ။ တစ်ချိန်တုန်းက UTC တက်ခဲ့ကြတဲ့သူတွေဖြစ်ပါတယ်။ ပြောရရင် နိုင်ငံတော်ကာကွယ်ရေးမှာ တက္ကသိုလ်လေ့ကျင့်ရေးတပ်ရဲ့ အခန်းကဏ္ဍက အင်မတန်အရေးပါတယ်လို့ ပြောလိုပါတယ်။

**မေး။** ။ တက္ကသိုလ်လေ့ကျင့်ရေးတပ် UTC ကျောင်းသားဟောင်း တစ်ဦးအနေနဲ့ လတ်တလော ထုတ်ပြန်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး ထင်မြင်ချက်ကို သိရှိလိုပါတယ်။

**ဖြေ။** ။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီး သေသေချာချာ နားမလည်တဲ့သူတွေက ရှောင်တိမ်းရတော့ မလိုလို၊ ဟိုလိုလို ဒီလိုလို အမျိုးမျိုးဖြစ်နေကြတယ်။ ကျွန်တော်တို့လည်း အရပ်သားဘဝတုန်းက တပ်နဲ့ပတ်သက်ရင် ကောင်းတာထက် မကောင်းတာဘဲ ကြားရတယ်။ မကောင်းတာ၊ ဆင်းရဲတာ၊ ပင်ပန်းတာ ဒါတွေပဲ ကြားရပြီး တပ်ထဲဝင်ဖို့ဆိုတာဝေးလို့၊ တပ်နဲ့ပတ်သက်ရမှာ စိုးရိမ်တယ်။ ဒါပေမဲ့ တကယ်တပ်ထဲဝင်တော့ ကိုယ်တိုင် တပ်မတော်သားဘဝရောက်မှ စစ်သည်တော်ဟောင်းတစ်ဦးပြောခဲ့သလို **"တပ်မတော်ဆိုတာ အမှန်တကယ်သာ လိုက်နာနိုင်မယ်ဆိုရင် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တွေအဖြစ် လေ့ကျင့်ပေးတဲ့ကျောင်းကြီးပေါ့"** ဆိုတဲ့ စကားဟာ စိတ်ကူးယဉ်စကား၊ အကောင်းမြင်စကား သက်သက် မဟုတ်တာ ကိုယ်တွေ့သိရှိရပါတယ်။

တပ်မတော်ဆိုတာ နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ အဖိုးတန်အဖွဲ့အစည်းဖြစ်တယ်။ အမှုထမ်းရမယ်ဆိုရင်လည်း ဘာမှစိုးရိမ်စရာမရှိပါဘူး။ အစပိုင်းတော့ တစ်မျိုးထင်နိုင်ပါတယ်။ သို့သော်လည်း လုပ်ကြည့်ပါ။ ဝင်ကြည့်ပါ။ ကျွန်တော်တို့လည်း UTC ကနေ တပ်ထဲဝင်ခဲ့တယ်။ စဝင်တုန်းကတော့ ဝင်ငွေရတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအနေနဲ့ ဝင်ခဲ့တာ မှန်ပေမယ့် တစ်ဘဝစာဖြစ်သွားခဲ့တယ်။ လုပ်ရင်းလုပ်ရင်းကြိုးစားရင်း နောက်ဆုံးအငြိမ်းစားယူချိန်မှာ အမှုထမ်းသက် ၄၃ နှစ်ကျော်ကြာသွားခဲ့တာကို အံ့အားသင့်ဖွယ်တွေ့ရပါတယ်။ လက်ရှိလည်း စစ်သည်တော်ဟောင်းတွေနဲ့ ပတ်သက်တဲ့ စစ်မှုထမ်းဟောင်းအဖွဲ့မှာ တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါတယ်။

ကျွန်တော့်ဘဝအတွေ့အကြုံနဲ့ ခြုံပြီးပြောရရင် အခု ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် သို့လော သို့လော ဖြစ်နေတဲ့ လူတွေလိုပါပဲ။ ကျွန်တော်ကိုယ်တိုင် တပ်မတော်အကြောင်း သေချာချာမသိဘဲ ကြမ်းတမ်းရိုင်းစိုင်းတဲ့ စစ်သားတချို့ကိုသာ သိရှိပြီး ရွံ့ကြောက်နေရာကနေ UTC ကျေးဇူးကြောင့် တပ်မတော်သားဘဝကို နားလည်လာပြီး ကိုယ်တိုင် စစ်သားဘဝ ဖြတ်သန်းလိုက်တဲ့အခါမှာ မိမိတို့အထင်အမြင်နဲ့ လက်တွေ့နဲ့ ကွာခြားနေတာကို တွေ့ရပါတယ်။ ဒီလိုပဲ ပြည်သူ့စစ်မှုထမ်းဥပဒေအရ အမှုထမ်းကြည့်လိုက်ရင် တပ်မတော်အကြောင်းသိရှိပြီး စစ်သားတွေအပေါ် စာနာသွားနိုင်မယ့်အပြင် အချို့ဆိုရင် ကျွန်တော့်လို တစ်ဘဝစာ အလုပ်အကိုင်အဖြစ် ရွေးချယ်မယ့်သူတွေလည်း ပေါ်ပေါက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဝင်းသန့်**

## မုဒုံမြို့၌ ကျောင်းကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်း ဖွင့်လှစ်

မုဒုံ မတ် ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေးစစ်ဆေးမှု မှတ်တမ်းကတ် အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းကို ယနေ့နံနက် ၉ နာရီက အထက (၁)ကျောင်းရှိ ရှင်အရဟံခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်မြဝင်းက ကျောင်းသား ကျောင်းသူများ အခြေခံပညာကျောင်းများတွင် ပညာရေးသာမက ကျန်းမာရေးကောင်းမွန်စေရန် ပညာကျန်းမာဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်က အလေးထားလုပ်ဆောင်နေမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က ကျောင်းကျန်းမာရေး မှတ်တမ်းကတ်အသုံးပြုခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြလေးဦးက လုပ်ငန်းများစနစ်တကျရှိစေရန်နှင့် မှတ်တမ်းကတ်အသုံးပြုခြင်းဆိုင်ရာကို စာတွေ့လက်တွေ့ဖြင့် နှစ်ရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး အခြေခံပညာ (ထက်၊ လယ်၊ မူ)၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ ၂၀၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ဆုံးရှုံးခဲ့သူများအတွက် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade 12 ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို ၁၁-၃-၂၀၂၄ ရက်နေ့မှ စတင်၍ ၁၉-၃-၂၀၂၄ ရက်နေ့ထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသအချို့ရှိ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးဆုံးရှုံးခဲ့ကြပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများအား စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဖြေဆိုမည့် နေ့ရက်နှင့် စာစစ်ဌာနများအား ထပ်မံထုတ်ပြန်သွားမည်ဖြစ်ပါသည်။ **ပညာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးက ဆက်လက်ဆောင်ရွက်မည့် အမျိုးသားရေးကိစ္စများနှင့် လူငယ်အသိပညာပေးလုပ်ငန်းများတွင် ပြန်ကြားရေးဝန်ကြီးဌာနက ပူးပေါင်းဆောင်ရွက်နိုင်သည့် ကိစ္စများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူငယ်များ အသိပညာဗဟုသုတပြည့်ဝရေးနှင့် ဗလငါးတန်ပြည့်ဝရေး၊ သတင်းတု၊ သတင်းမှားများအပေါ် စဉ်းစားသုံးသပ်ဆောင်ရွက်နိုင်ရေးနှင့် အမျိုးသားရေးစိတ်ဓာတ် မြှင့်တင်ပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် မတ် ၂၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ Hybrid Format ဖြင့်ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် မဟာဗျူဟာစီမံချက်ကို လေးနှစ်တာကာလ သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဟာဗျူဟာစီမံချက်နှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အခြေခံကောင်းများကို တည်ဆောက်နိုင်ရန်၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရန် ရည်ရွယ်၍ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၆ ခုနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU)များ ဖွဲ့စည်းကာ တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးရာတွင် အဂတိလိုက်စားမှုများဖြစ်ပေါ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ရပါက လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနစ်နာနိုင်ပါကြောင်း၊ အချို့သော အမှုကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းဆောင်ရွက်ရခြင်းများရှိရာ ပြစ်မှုနှင့်လျော်ညီသည့် ဌာနတွင်း အပြစ်ပေးအရေးယူခြင်းများ ဆောင်ရွက်သင့်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသည့် “Zero Tolerance Policy”ကို ချမှတ်၍ အဂတိကင်းစင်သည့် လူမှုအသိုက်အဝန်းကို အတူတကွ ထူထောင်ကြရန် တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည့်အတွက် အတူတကွ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးက အစိုးရဌာနများ၏ ဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုပြုံးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးတွင် နိုင်ငံ့ဝန်ထမ်းများ၏ အရေးပါမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ထွေးရီက စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဥပဒေရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ဖြူပွင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍ လည်းကောင်း၊ သတင်း၊ တိုင်ကြားစာနှင့်မှတ်တမ်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးမော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့လာသော တိုင်ကြားစာများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့မှုများကို ကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးဖြေကြားခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ကျောင်းဆင်းဂုဏ်ပြုလက်မှတ် ပေးအပ်

**သံဖြူဇရပ် မတ် ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူလေးများ၏ ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်းနှင့် ပဒေသာကပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်လဲ့ယဉ်ဝင်းနှင့် တာဝန်ရှိသူများက မူလတန်းကြိုကျောင်းမှ ရင်သွေးငယ် ကျောင်းသား ကျောင်းသူ ၁၁ဝ အား ကျောင်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး ရင်သွေးငယ်များက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကမ္ဘာ့ရေနေ့ဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းသာယာဝပြောရေး ရေကဏ္ဍကိုမြှင့်တင်ပေး

မင်းခန့်ကျော်




ဤကမ္ဘာမြေပေါ်တွင် သက်ရှိသတ္တဝါအားလုံး ရှင်သန်နေထိုင်နေသမျှကာလတွင် လေ၊ ရေနှင့် အစာအာဟာရသည် မရှိမဖြစ်လိုအပ်လှသည်။ အထူးသဖြင့် ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်မနက်ဟု ဆိုရလောက်အောင်ပင် ရေသည် ကျွန်ုပ်တို့၏ဘဝတွင် လွန်စွာအရေးကြီးခဲ့သည်။ ရေမရှိဘဲနှင့် လောကကြီးတွင် မည်သို့မျှ ရပ်တည်၍ မရနိုင်ခဲ့ပါ။

ရေသည် ကျွန်ုပ်တို့ဖြစ်တည်မှု၏ အခြေခံအုတ်မြစ်ဖြစ်သည်။ လူ့ခန္ဓာကိုယ်သည် နေ့စဉ် အသက်ရှင်ရန် ရေလိုအပ်သည်။ အစာမရှိဘဲ တစ်ပတ်လုံး အသက်ရှင်နိုင်သော်လည်း ရေမရှိလျှင် တစ်ရက်ပင် အသက်မရှင်နိုင်ခြင်းသည်ပင် ရေ၏အရေးပါမှုကို မြင်နိုင်သည်။ အထူးသဖြင့် ရေသည် ကျွန်ုပ်တို့၏ အစာကွင်းဆက်အတွက်လည်း မရှိမဖြစ်လိုအပ်နေပြန်သည်။

**သက်ရှိများကို ထောက်ပံ့ပေးနိုင်သောအရာ**

ရေသည် ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံး၏ လုပ်ငန်းဆောင်တာအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ ရေသည် သက်ရှိများကို ထောက်ပံ့ပေးနိုင်သော အရာတစ်ခုဖြစ်သည်။ ရေသည် သတ္တဝါတိုင်း၏ အသက်ဖြစ်သည်ဟု ဆိုလျှင် ထိုအဆိုသည် မှန်ကန်သော သဘောတရားသာ ဖြစ်ပါလိမ့်မည်။ သက်ရှိသတ္တဝါတိုင်း၏ အသက်သည် ရေမှအစပြုရိုးအမှန်ပင် ဖြစ်ပါသည်။ ရေမရှိဘဲ အသက်မရှိနိုင်။ ရေမရှိပါက သစ်ပင်ပန်းမန်တို့သည်လည်း ရှင်သန်ကြီးထွားခွင့်မရနိုင်ပါ။ သက်ရှိသတ္တဝါတို့အတွက် မရှိမဖြစ် အရေးကြီးသည့် သစ်ပင်မျိုးစေ့များကို မြေတွင် စိုက်ပျိုးစေပြီး ရေလောင်းပေါင်းသင်ပြီးမှသာ ကြီးထွားလာစေနိုင်သည်။ ထိုအခါမှသာ ကျွန်ုပ်တို့ နေ့စဉ်စားသုံးသောအရာများဖြစ်သည့် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များကို ရရှိမည်ဖြစ်ပါသည်။ အကယ်၍ ရေသာမရှိတော့လျှင် သက်ရှိသတ္တဝါအားလုံးအတွက် အရေးကြီးသောလေကိုလည်း သစ်ပင်ပန်းမန်တို့မှ ရရှိတော့မည်မဟုတ်ပါ။ ကောက်ပဲသီးနှံ၊ သစ်ဥသစ်ဖုတို့ကိုလည်း စားခွင့်ရတော့မည်မဟုတ်ပါ။ ထိုအခါ သက်ရှိသတ္တဝါအားလုံးတို့သည် ဤကမ္ဘာမြေကြီးတွင် ရှင်သန်ရပ်တည်၍ရနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့် ရေသည် သက်ရှိသတ္တဝါတိုင်းအတွက် လွန်စွာအရေးကြီးနေပါသည်။

ယခုခေတ်နောက်ပိုင်းတွင် လူဦးရေအဆမတန် တိုးတက်လာခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုမရှိခြင်းတို့ကြောင့် ရေအရင်းအမြစ်တို့သည် တစ်နေ့ထက်တစ်နေ့ ပို၍ရှားပါးလာနေသည်။ ရေသည် အကန့်အသတ်ရှိသည်။ ၎င်းသည် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့အပြင် ရေအမြောက်အမြားရှိသော်လည်း အသုံးပြု၍မရနိုင်သော ရေများရှိသည်ကိုလည်း သတိချပ်သင့်သည်။

ထို့ကြောင့် လုံလောက်သောရေမရှိခြင်း သို့မဟုတ် ညစ်ညမ်းသောရေကို သောက်သုံးခြင်းသည် လူသားများအတွက် ဆိုးရွားသော ကျန်းမာရေးပြဿနာများ ဖြစ်စေနိုင်သည်။ ကျွန်ုပ်တို့ သောက်သုံးသောရေပမာဏနှင့် အရည်အသွေးသည် ခန္ဓာကိုယ်ကျန်းမာရေးနှင့် ကျန်းမာကြံ့ခိုင်မှုအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ့်ဆီတွင်ရှိနေသော ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည့်အစား သဘာဝရေအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲနေခြင်းတို့ကြောင့် ရာစုနှစ်တစ်လျှောက်တွင် ပြင်းထန်သည့် ရေရှားပါးခြင်းတို့ကို ကြုံလာနေရသည်။

**စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာ**

ရေသည် ကမ္ဘာပေါ်ရှိ သက်ရှိများအတွက် မရှိမဖြစ် လိုအပ်သောအခြေခံအရင်းအမြစ်ဖြစ်သည့်အားလျော်စွာ ရေသောက်သုံးခြင်း၊ စိုက်ပျိုးခြင်း၊ စက်မှုလုပ်ငန်း၊ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အခြားရည်ရွယ်ချက်များစွာအတွက် အသုံးပြုနေကြရသည်။ မျက်မှောက်ခေတ်ကာလတွင် သက်ရှိ၊ သတ္တဝါများအတွက် သန့်ရှင်းသောရေရရှိရေးသည် ကမ္ဘာတစ်ဝန်းရှိ လူများစွာအတွက် စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာနေသည်။ ကုလသမဂ္ဂ၏အဆိုအရ လူပေါင်းနှစ်ဘီလီယံကျော်သည် ဘေးကင်းသော သောက်သုံးရေရရှိနိုင်မှုချို့တဲ့နေပြီး လူလေးဘီလီယံခန့်သည် တစ်နှစ်လျှင် အနည်းဆုံး ရေရှားပါးမှုကို ခံစားနေကြရသည်။

စစ်တမ်းများအရ ယနေ့တွင် လူပေါင်း ၆၆၃ သန်းကျော်သည် သောက်သုံးရေရှားပါးမှုကြောင့် ၎င်းတို့နှင့် လွန်စွာဝေးကွာသော ရေအရင်းအမြစ်များ ရရှိရာနေရာသို့ ခြေကျင်ခရီးထွက်ရခြင်း၊ နာရီပေါင်းများစွာကြာအောင် တန်းစီစောင့်ဆိုင်းရခြင်း၊ မသန့်ရှင်းသည့် သို့မဟုတ် ညစ်ညမ်းရေအသုံးပြုနေရခြင်း စသည့် ဆိုးကျိုးများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ကမ္ဘာ့နိုင်ငံအချို့တွင်လည်း ရေပြတ်လပ်မှုကြုံတွေ့နေရပြီး လွန်စွာဆိုးရွားသည့် အခိုက်အတန့်ကို ကြုံနေရသည်။ ဥပမာအားဖြင့် ရေရှားပါးမှုသည် အရှေ့အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ၏ အချို့နေရာများတွင်ပင် အဆိုးရွားဆုံးပြဿနာများထဲမှ တစ်ခုဖြစ်လာခဲ့သည်။ ပါကစ္စတန်တွင်လည်း ပြင်းထန်သော မိုးခေါင်မှုကြောင့် ရေရှားပါးမှုဒဏ်ကို နှစ်စဉ်ခံနေရသည်။ ဘရာဇီး၊ တရုတ်၊ အမေရိကန်၊ ဂျော်ဒန်၊ တောင်အာဖရိက၊ လစ်ဗျား၊ ကိုဆိုဗို စသည့်နိုင်ငံများတွင်လည်း ရေပြဿနာနှင့် ရင်ဆိုင်နေရသည်။ အထူးသဖြင့် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် တစ်နှစ်တာအတွင်း ဆိုးရွားသော ရေရှားပါးမှုကို ကြုံတွေ့နေရသည်။

ရေထုညစ်ညမ်းမှုသည် ကမ္ဘာမြေမျက်နှာပြင်ပေါ်ရှိ သောက်သုံးရေပမာဏကို ကျဆင်းစေသည့်အပြင် ရေ၏အရည်အသွေးကိုလည်း ထိခိုက်စေပါသည်။ ၎င်းသည် လူသားများသာမက တိရစ္ဆာန်များ၊ ငှက်များနှင့် အပင်များကိုပါ ထိခိုက်စေပါသည်။

ထို့ကြောင့် ရေ၏ အရေးပါမှုကို တန်ဖိုးထားတတ်ရန် လိုအပ်ပါသည်။

**အဖိုးတန်ရေသယံဇာတများကို ကာကွယ်ထိန်းသိမ်း**

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှု၊ လူဦးရေတိုးတက်လာမှုနှင့် သစ်တောပြုန်းတီးမှုတိုးလာခြင်းကြောင့် ရေချိုများ ညစ်ညမ်းလာပြီး အသုံးပြုရရှိနိုင်သည့် ရေပမာဏမှာ လျော့နည်းလာခဲ့ရပါသည်။ ရာသီဥတုဖောက်ပြန်မှုများ၊ တိုးတက်လာသော လူဦးရေများနှင့်အတူ ရေချိုအရင်းအမြစ်များသည် ဆုံးရှုံးလျက်ရှိနေသည်။ ရေချိုအရင်းအမြစ်အတွက် လွန်စွာအရေးကြီးသော ရေခဲတောင်များ ပို၍ အရည်ပျော်နေမှုက ရေချိုအရင်းအမြစ်ကို ဆုံးရှုံးရန် ပို၍ဖိအားပေးလာနေခဲ့သည်။ ကျွန်ုပ်တို့၏ အဖိုးတန်ရေသယံဇာတများကို ကာကွယ်ထိန်းသိမ်းရာတွင် နိုင်ငံတွင်းနှင့် နိုင်ငံအချင်းချင်းအကြား စည်းလုံးညီညွတ်မှု အရေးတကြီး လိုအပ်နေပါသည်။ ပြည်သူ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊ စားရေရိက္ခာနှင့် စွမ်းအင်စနစ်များ တိုးတက်ရေး၊ စီးပွားရေးကုန်ထုတ်စွမ်းအားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာအားကောင်းမှုရှိလာရေးတို့သည် ရေအရင်းအမြစ်ကို စနစ်တကျစီမံခန့်ခွဲနိုင်မှုတို့အပေါ်တွင် အရေးကြီးနေပါသည်။

ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သုံးဘီလီယံကျော်သည် နိုင်ငံနယ်နိမိတ်များကို ဖြတ်ကျော်ကာ စီးဆင်းလာသည့် မြစ်ချောင်းရေများကို မှီခိုနေကြရသည်။ သို့ရာတွင် နိုင်ငံပေါင်း ၂၄ နိုင်ငံကသာ ရေမရှိသည့် အရပ်ဒေသဆီသို့ ရေမျှဝေရေးအတွက် ပူးပေါင်းဆောင်ရွက်သဘောတူညီမှုပေးထားသည်။ ဤပမာဏ ကိန်းဂဏန်းသည် မျှခြေနှင့် တွက်ချက်လျှင် လွန်စွာနည်းပါးလှပါသည်။

ရေသည် ငြိမ်းချမ်းရေးအတွက် လွန်စွာအရေးပါသည်ဟု ဆိုရလိမ့်မည်။ ကမ္ဘာ့ကုလသမဂ္ဂက ချပေးသော ယခုနှစ်အတွက် World Water Day ဆောင်ပုဒ်သည်ပင် 'water for peace' ဟု ဆိုထားပါသည်။ ရေသည် ငြိမ်းချမ်းရေးကိုလည်း ဖန်တီးနိုင်သကဲ့သို့ပဋိပက္ခကိုလည်းဖန်တီးနိုင်သည်။ မှန်ကန်သော အဆိုတစ်ရပ်ပင်။ သမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်တွင် ရေကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက် ဖြစ်ပွားခဲ့ရသည်များကိုလည်း မှတ်သားခဲ့ဖူးပါသည်။

- ❖ **ယခုအခါ ကမ္ဘာကြီးပူနွေးလာမှု၊ လူဦးရေတိုးတက်လာမှုနှင့် သစ်တောပြုန်းတီးမှုတိုးလာခြင်းကြောင့် ရေချိုများညစ်ညမ်းလာပြီး အသုံးပြုရရှိနိုင်သည့် ရေပမာဏမှာ လျော့နည်းလာခဲ့ရပါသည်။ ရာသီဥတုဖောက်ပြန်မှုများ၊ တိုးတက်လာသော လူဦးရေများနှင့်အတူ ရေချိုအရင်းအမြစ်များသည် ဆုံးရှုံးလျက်ရှိနေသည်။ ရေချိုအရင်းအမြစ်အတွက် လွန်စွာအရေးကြီးသော ရေခဲတောင်များ ပို၍အရည်ပျော်နေမှုက ရေချိုအရင်းအမြစ်ကိုဆုံးရှုံးရန် ပို၍ဖိအားပေးလာနေခဲ့**
- ❖ **အဖိုးတန်ရေသယံဇာတများကို ကာကွယ်ထိန်းသိမ်းရာတွင် နိုင်ငံတွင်းနှင့် နိုင်ငံအချင်းချင်းအကြား စည်းလုံးညီညွတ်မှု အရေးတကြီး လိုအပ်နေပါသည်။ ပြည်သူ့ကျန်းမာရေးနှင့် သာယာဝပြောရေး၊ စားရေရိက္ခာနှင့် စွမ်းအင်စနစ်များ တိုးတက်ရေး၊ စီးပွားရေးကုန်ထုတ်စွမ်းအားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခိုင်မာအားကောင်းမှုရှိလာရေးတို့သည် ရေအရင်းအမြစ်ကို စနစ်တကျစီမံခန့်ခွဲနိုင်မှုတို့အပေါ်တွင် အရေးကြီး**

**ရေကို မလိုအပ်ဘဲ မဖြုန်းတီးမိရန်လိုအပ်**

ရေရှားပါးသည့်အချိန်ကို ကြုံနေရသည့်အချိန်၌ မမျှတသော ရေသုံးစွဲခွင့်နှင့် ရေသုံးစွဲခွင့်မပေးသည့်ဖြစ်ရပ်များကြောင့် ရပ်ရွာများနှင့် နိုင်ငံများကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်ကိုလည်း ကြုံခဲ့ဖူးပါသည်။ ယနေ့ခေတ်တွင် ရေသည် ရွှေကဲ့သို့ အဖိုးတန်လာကြောင်း သိရှိလာခဲ့ရပါသည်။ ရေကို မလိုအပ်ဘဲ မဖြုန်းတီးမိရန် လိုအပ်လာပြီး ရေအရင်းအမြစ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာခဲ့သည်။

ထို့ကြောင့် ရေရှားပါးလာမှု၊ ရေထုညစ်ညမ်းမှု၊ သောက်သုံးရေချိုလျော့နည်းလာရမှု ပြဿနာအားလုံးကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ၏ အစီအစဉ်အရ နှစ်စဉ် မတ်လ ၂၂ ရက်နေ့တွင် ကမ္ဘာ့ရေနေ့ကိုကျင်းပရန် အဆိုပြုခဲ့သည်။

စာမျက်နှာ ၁၂ သို့ ◆

# လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၂၁

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှု နည်းပညာသင်တန်း ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဖွင့်လှစ်ခဲ့သည့် သင်တန်းသည် မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာများကို သင်ယူတတ်မြောက်စေရန်၊ တတ်မြောက်လာသည့်နည်းပညာကို ဖန်တီးအသုံးချ၍ ဝန်ထမ်းမိသားစုများ သက်သာချောင်ချိရေးအတွက် နောင်တစ်ချိန်တွင် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေနိုင်သည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများကို တစ်နိုင်တစ်ပိုင် ထူထောင်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ သင်တန်းပြီးမြောက်အောင်မြင်သွားပြီဖြစ်ပါကြောင်း၊ ယခု သင်တန်းမှ သင်ကြားပေးလိုက်သော ပညာရပ်များ၊ နည်းပညာများမှတစ်ဆင့် မိမိဘာသာ ဆင့်ပွားဆန်းသစ်တီထွင်၍ ပိုမိုအရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများဖြစ်စေရန် ကြိုးစားဆောင်ရွက်ပြီး ဈေးကွက်သို့ တင်ပို့နိုင်မည်ဆိုပါက အချိန်တိုအတွင်း မိသားစုစီးပွားရေးတိုးတက်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် နည်းပညာ၊ ဗဟုသုတများကို အသုံးချ၍ ကိုယ်ပိုင် အသေးစား၊ အငယ်စားမှသည် အလတ်စားလုပ်ငန်းများထူထောင်ကာ မိသားစုစီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် ဆောင်ရွက်နိုင်ရုံသာမက ဝင်ငွေတိုးပွားပြီး ဘာသာ သာသနာအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးဇော်အေးမောင်က ယခုသင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် နည်းပညာရပ်များသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းတွင် ပထမဆုရရှိသည့် သင်တန်းသူကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် သင်တန်းသူကို ဒုတိယဝန်ကြီးကလည်းကောင်း၊ တတိယဆုရရှိသည့် သင်တန်းသားကို အမြဲတမ်းအတွင်းဝန်ကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများ ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# National ICT Awards 2023 ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၁

ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် National ICT Awards 2023 (Educational Project & Skills Competition) ဆုချီးမြှင့်ပွဲနှင့် ပရောဂျက်များ ခင်းကျင်းပြသပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Conference Hall, MICT Park ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်း ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် National ICT Awards 2023 (Educational Project and Skills Competition) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဆုများပေးအပ် ချီးမြှင့်ပြီး ပြိုင်ပွဲဝင်များအတွက် ထပ်ဆောင်းချီးမြှင့်ငွေကျပ် ၃၅ သိန်း ပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသော ဆုရပရောဂျက်များနှင့် ကုမ္ပဏီပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် လူ့စွမ်းအားအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဦးငြိမ်းဦးက National ICT Awards ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်လီလီအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် National ICT Awards 2023 (Educational Project and Skills Competition) ပြိုင်ပွဲတွင် ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများနှင့်national ICT Awards 2023 ပြိုင်ပွဲ ဆုရွေးချယ်ရေးအတွက် အကဲဖြတ်ပေးခဲ့ကြသည့် ပညာရှင်များ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးသူများအား ဂုဏ်ပြုလက်မှတ်များကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိများနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။

**ခရိုင်(ပြန်/ဆက်)**



◆ စာမျက်နှာ ၁၁ မှ

ယင်းအဆိုကို ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ၏ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညီလာခံတွင် ပထမဆုံး အဆိုပြုခဲ့ခြင်းဖြစ်သည်။ ပထမဆုံးသော ကမ္ဘာ့ရေနေ့ကို ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပခဲ့သည်။

World Water Day (ကမ္ဘာ့ရေနေ့)ကို နှစ်စဉ် မတ်လ ၂၂ ရက်နေ့တွင် ကျင်းပလေ့ရှိပြီး ရေချို၏ အရေးပါမှုကို အသိပညာပေးကာ ရေအရင်းအမြစ်များ ရေရှည်တည်တံ့အောင် စီမံခန့်ခွဲနိုင်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် မတ်လ ၂၂ ရက်နေ့တွင် ရေနှင့်သက်ဆိုင်သည့် ဆောင်ပုဒ်အမျိုးမျိုးကို ပြသခဲ့ပါသည်။ ကမ္ဘာ့ရေနေ့ကို ယခုအခါတွင် အရေးကြီးသော နိုင်ငံတကာ အထိမ်းအမှတ်နေ့အဖြစ် အသိအမှတ်ပြုထားပြီး ရေအရင်းအမြစ်၏ အရေးပါသော အခန်းကဏ္ဍကို အာရုံစိုက်ရန် အခွင့် အလမ်းတစ်ခုအဖြစ် ပါဝင်နေခဲ့ပါသည်။

**အကြောင်းရင်းများစွာရှိ**

ကျွန်တော် တင်ပြခဲ့သည့်အတိုင်းပင် ကမ္ဘာ့ရေအကျပ်အတည်းတွင် ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးပွားမှု၊ မြို့ပြနှင့် လေထုညစ်ညမ်းမှုတို့ အပါအဝင် အကြောင်းရင်းများစွာရှိသည်။ ရာသီဥတုပြောင်းလဲမှုသည် မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေပြီး မကြာခဏဆိုသလိုပင် ပိုမိုပြင်းထန်သော ရေကြီးမှုနှင့် မိုးခေါင်မှုတို့ကို ဖြစ်စေသည်။ လူဦးရေတိုးပွားမှုနှင့် မြို့ပြလူနေမှုဖြစ်ထွန်းမှုသည် ရေလိုအပ်ချက် တိုးလာကာ ရေအရင်းအမြစ်များအပေါ် လိုအပ်လာမှုများလာစေသည်။

ထို့ပြင် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကြောင့် ရေညစ်ညမ်းမှုသည် ရေအရင်းအမြစ်များကို ဆုံးရှုံးစေပြီး လူတို့အသုံးပြုရန် မသင့်လျော်တော့ပေ။ ကမ္ဘာ့ရေအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ရေစီမံခန့်ခွဲမှုကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ပေါင်းစပ်ချဉ်းကပ်ရန် လိုအပ်ပါသည်။ ယင်းတွင် ဘေးကင်းပြီး သန့်ရှင်းသောရေရရှိမှု တိုးတက်စေရေး၊ ရေထိန်းသိမ်းမှုမြှင့်တင်ရေး၊ ရေအသုံးပြုမှုကိုစနစ်တကျအသုံးပြုရေး၊ လေထုညစ်ညမ်းမှုလျှော့ချရေးနှင့် ရေစီမံခန့်ခွဲမှုတိုးမြှင့်ရေးတို့ ပါဝင်သည်။

World Water Day သည် ကမ္ဘာလုံးဆိုင်ရာ ရေအကျပ်အတည်းနှင့်ပတ်သက်၍ အသိပညာများမြှင့်တင်ရန်၊ ကိုင်တွယ်ဖြေရှင်းရန်နှင့် လုပ်ဆောင်ချက်များကို ပိုမိုမြှင့်တင်လာနိုင်စေရန် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ ဘေးအန္တရာယ်ကင်းရှင်းပြီး သန့်ရှင်းသောရေရရှိရေးသည် လူသားတို့၏ ကျန်းမာရေးနှင့် သာယာဝပြောရေးအတွက် ပဓာနကျသော လိုအပ်မှုဖြစ်သည် ။ သို့သော်လည်း ကမ္ဘာတစ်ဝန်းရှိ သန်းနှင့်ချီသောလူများသည် ဘေးကင်းသော သောက်သုံးရေကို လက်လှမ်းမမီနိုင်သေးပါ။

ထို့ပြင် ရေရှားပါးမှုသည် ပိုမိုအဖြစ်များလာနေပါသေးသည်။

**အရေးပါသော အသိပညာပေးမှုများ ပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာပွဲ**

World Water Day သည် ကမ္ဘာတစ်ဝန်းမှ လူများစုပေါင်းကာ ကျင်းပသည့်အခမ်းအနားဖြစ်ပြီး ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုကို အရေးပါသော အသိပညာပေးမှုများ ပြုလုပ်သည့် ကမ္ဘာလုံးဆိုင်ရာပွဲဖြစ်သည်။ ရေနှင့်ပတ်သက်သော ကိစ္စရပ်များအပေါ် လုပ်ဆောင်ချက်မြှင့်တင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်။ ရေ၏အရေးကြီးမှုနှင့် ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုအတွက် လိုအပ်ကြောင်း အသိပညာပေးရန်အတွက် ကမ္ဘာ့ရေနေ့ (World water day) ကို အသုံးပြုနေကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ လူထုဟောပြောပွဲများကဲ့သို့သော ပညာရေးဆိုင်ရာ လှုပ်ရှားမှုများကိုပြုလုပ်ပြီး ပြည်သူများကို အသိပညာပေးလျက်ရှိသည်။

World Water Day တွင် တချို့အဖွဲ့အစည်းများသည် မြစ်များ၊ ကန်များနှင့် အခြားရေတွင်းများမှ အမှိုက်များနှင့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းရေး လှုပ်ရှားမှုများ ပြုလုပ်ကြသည်။ ဤလှုပ်ရှားမှုများသည် ရေ၏အရည်အသွေးကိုမြှင့်တင်ရန်နှင့် ရေအရင်းအမြစ်များ သန့်ရှင်းနေရန် အရေးကြီးကြောင်း အသိပညာများပေးကာ မြှင့်တင်နေခြင်းပင်ဖြစ်ပါသည်။ ထို့ပြင် ရေနှင့်ပတ်သက်သော ပြိုင်ပွဲများဖြစ်သည့် World Water Day Quiz၊ World Water Day လှုပ်ရှားမှုများ၊ World Water Day ပိုစတာပြုလုပ်ခြင်း၊ World Water Day ပုံဆွဲပြိုင်ပွဲ၊ World Water Day မိန့်ခွန်း၊ World Water Day ဆောင်းပါးပြိုင်ပွဲများကို ပြုလုပ်ပြီး ပြည်သူများအား ရေနှင့် ပတ်သက်သော အမြင်များကို မျှဝေရန် ကြိုးပမ်းနေကြပါသည်။

World Water Day သည် ရေထိန်းသိမ်းခြင်း အလေ့အကျင့်များ၊ ဆန်းသစ်သော နည်းပညာများနှင့် ရပ်ရွာဦးဆောင်သည့် စီမံချက်များကဲ့သို့သော ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှု၏ အောင်မြင်သောနမူနာများကို ပြသရန် အခွင့်အရေးလည်းပေးပါသည်။ ၎င်းသည် အခြားသူများကို အရေးယူရန်နှင့် ၎င်းတို့၏ ကိုယ်ပိုင်အခြေအနေများတွင် အကောင်းဆုံးအလေ့အကျင့်များ ချမှတ်ရန် လှုံ့ဆော်ပေးနိုင်သည်။

အချုပ်ဆိုရသော် ကမ္ဘာ့ရေနေ့သည် ကမ္ဘာ့ရေအကျပ်အတည်းနှင့် ပတ်သက်၍ အသိပညာများ မြှင့်တင်ရန်နှင့် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်မှုများကို မြှင့်တင်ရန် အရေးကြီးသော အခါသမယဖြစ်သည်။ လူတိုင်းဘေးကင်းပြီး သန့်ရှင်းသောရေကို သောက်သုံး၍ သုံးစွဲခွင့်ရနိုင်ရန်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ရည်မှန်းချက်များကို ချမှတ်ပြီး အကောင်ထည်ဖော်နိုင်ရန် ကြိုးစားနေရမည်။ ရေသယံဇာတများကို ယုတ်လျော့မရှားပါးလာစေရန်ကိုလည်း ရေတို၊ ရေရှည် စီမံကိန်းများချမှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ရန် ကြိုးစားနေရမည်ဖြစ်ပါသည်။ ။

## အင်ဒိုနီးရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တို အနိုင်ရ



ဝီဒိုဒို၏ မူဝါဒများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွေးကောက်ခံသမ္မတပရာဘိုဝိုက ကတိပြုခဲ့သည်။

ဂျကာတာ မတ် ၂၁

ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တို အနိုင်ရခဲ့ကြောင်း အင်ဒိုနီးရှား ရွေးကောက်ပွဲကော်မရှင်က ယနေ့ ကြေညာသည်။

တစ်လကျော်ကြာ မဲရေတွက်မှု ပြီးဆုံးပြီးနောက် ရွေးကောက်ပွဲရလဒ်ကို အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

ရွေးကောက်ပွဲရလဒ်များအရ ပရာဘိုဝိုသည် ထောက်ခံမဲ ၉၆ ဒသမ ၂၁ သန်း (၅၈ ဒသမ ၆ ရာခိုင်နှုန်း)ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဂျကာတာအုပ်ချုပ်ရေးမှူးဟောင်း အန်နီးဘက်စ်ဝီဒန်သည် ၂၄ ဒသမ ၉ ရာခိုင်နှုန်း၊ ဗဟိုဂျာဗားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဂျန်ဂျာပရာနိုဝိုက ၁၆ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့သည်။

ပရာဘိုဝိုသည် ၂၀၀၈ ခုနှစ်တွင် ၎င်း၏ကိုယ်ပိုင်ပါတီကို တည်ထောင်ခဲ့သော ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်သည်။ ၂၀၁၄ နှင့် ၂၀၁၉ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုကို ရှုံးနိမ့်ခဲ့သည်။

သို့သော် အသက် ၇၂ နှစ်ရှိပြီဖြစ်သည့်အတွက် ရာထူးမှ နုတ်ထွက်မည့် လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဆက်ဆံရေးကို မြှင့်တင်ခဲ့သည်။ ဂျိုကိုဝီဒိုဒိုသည် ပရာဘိုဝိုအား ကာကွယ်ရေးဝန်ကြီးအဖြစ် ရွေးချယ်ခဲ့သည်။

ပရာဘိုဝိုသည် ဂျိုကိုဝီဒိုဒို၏အကြီးဆုံးသား ဂီဘရန် ရာကာဘူမင်ရာကာကို ၎င်း၏နိုင်ငံရေးမဟာမိတ်အဖြစ် အပြန်အလှန် ရွေးချယ်ခဲ့သည်။

နိုင်ငံ၏မြို့တော်ကို ပြောင်းရွှေ့နေရာချထားခြင်း အပါအဝင် ဂျိုကိုဝီဒိုဒို၏ မူဝါဒများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွေးကောက်ခံသမ္မတပရာဘိုဝိုက ကတိပြုခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်နှင့် ဆော်ဒီခေါင်းဆောင်များ ဂါဇာအရေးဆွေးနွေး

ဝါရှင်တန် မတ် ၂၁

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန်သည် ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများနှင့် အရပ်သားများအတွက် အကူအညီများပိုမိုရရှိရန် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးရန် အရှေ့အလယ်ပိုင်းသို့ ယမန်နေ့က သွားရောက်ခဲ့ကြောင်း သိရသည်။

ယခုခရီးစဉ်သည် အောက်တိုဘာလတွင် အစ္စရေးကို ဟားမတ်စ်အဖွဲ့က တိုက်ခိုက်ခဲ့ပြီးနောက် ဘလင်ကန်၏ ခြောက်ကြိမ်မြောက် အရှေ့အလယ်ပိုင်းခရီးစဉ် ဖြစ်သည်။

ဘလင်ကန်သည် ဆော်ဒီအာရေဗျနိုင်ငံ ဂျဒ်ဒါမြို့၌ ဆော်ဒီခေါင်းဆောင်များနှင့် တွေ့ဆုံကာ ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံများ လွတ်မြောက်ရေးနှင့် ပါလက်စတိုင်းတို့အတွက် လွတ်လပ်သောနိုင်ငံ ထူထောင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆော်ဒီခေါင်းဆောင်များအနေဖြင့် အစ္စရေးနှင့် ဆက်ဆံရေးကို ပုံမှန်ဖြစ်စေရန်လည်း မျှော်လင့်ကြောင်း ဘလင်ကန်က ပြောကြားသည်။ သို့သော် အစ္စရေးက နိုင်ငံနှစ်ရပ်ဖြေရှင်းချက်ကို သဘောတူညီစေရန် မျှော်လင့်ပါကြောင်း ဆော်ဒီခေါင်းဆောင်များက ပြန်လည်ပြောကြားသည်။



အစ္စရေးတပ်ဖွဲ့ဝင်များသည် ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့ကို ဝင်တိုက်ပါက ပြင်းထန်သော ဂယက်ရိုက်ခတ်မှုများရှိလာမည်ဖြစ်ကြောင်း ဆော်ဒီခေါင်းဆောင်များက သတိပေးပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စားနပ်ရိက္ခာပြတ်လပ်လျက်ရှိပြီး ပြည်သူအများအပြား ငတ်မွတ်ခေါင်းပါးမှုဒဏ်ကို ရင်ဆိုင်နေရသည့်အတွက် ဂါဇာကမ်းမြောင်ဒေသဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးအေဂျင်စီသို့ ဒေါ်လာ သန်း ၄၀ ထောက်ပံ့မည်ဖြစ်ကြောင်း ဆော်ဒီခေါင်းဆောင်များက ကြေညာခဲ့သည်။

ဘလင်ကန်သည် အာရပ်နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံရန် ကိုင်ရိုမြို့တော်သို့ သွားရောက်မည်ဖြစ်သည်။ မတ် ၂၂ ရက်တွင် ရာဖာမြို့၌ ခိုလှုံနေကြသော သန်းနှင့်ချီသော ပြည်သူများကို မည်သို့ကာကွယ်ရမည်နှင့် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ထိုးစစ်ကို ပြည်သူများ ရှောင်ရှားနိုင်စေရန် အစ္စရေးနိုင်ငံသို့ သွားရောက် ဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်ခေါင်းဆောင်များ၏ ပံ့ပိုးမှုကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သော်လည်း ဂါဇာအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများတွင် ၎င်းတို့ သဘောမတူသည့် ကိစ္စရပ်များရှိကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက မကြာသေးမီက ပြောကြားသည်။

ဟားမတ်စ်တို့ကို အပြီးတိုင် ချေမှုန်းရန်အတွက် ရာဖာမြို့ကို ချန်လှပ်ထားရန် မဖြစ်နိုင်ကြောင်း နေတန်ယာဟုက အခိုင်အမာ ပြောကြားသည်။

သို့သော် ဂါဇာကမ်းမြောင်၌ စစ်ဆင်ရေးများ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အစ္စရေးကာကွယ်ရေးဝန်ကြီး ရို့ဗ်ဂေါ်လန့်နှင့် အခြားကိုယ်စားလှယ်များကို လာမည့်သီတင်းပတ်တွင် ဝါရှင်တန်မြို့သို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

## ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၄ ခုနှစ် ပထမနှစ်လအတွင်း နိုင်ငံခြားသားခရီးသွား ၉၈၈၅၇၄ ဦးကို ဆွဲဆောင်နိုင်ခဲ့

ဖနောင်ပင် မတ် ၂၁



ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၄ ခုနှစ် ပထမနှစ်လအတွင်း နိုင်ငံခြားသားခရီးသွား ၉၈၈၅၇၄ ဦးကို ဆွဲဆောင်နိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁၈ ရာခိုင်နှုန်း တိုးလာကြောင်း ခရီးသွားလာရေးဝန်ကြီးဌာန၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

လွန်ခဲ့သောနှစ် အလားတူကာလတွင်နိုင်ငံခြားသားခရီးသွားအရေအတွက် ၈၃၇၄၄၆ ဦး ရှိခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှုစာရင်းတွင် ထိုင်းနိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိပြီး ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် ဒုတိယအများဆုံးစာရင်းတွင် ပါဝင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား ၅ ဒသမ ၄၅ သန်း ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံ ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်က မတ် ၁၆ ရက်တွင် ပြောကြားသည်။

**ပိုမိုဆွဲဆောင်နိုင်မည်ဟု ယုံကြည်**

၂၀၂၄ ခုနှစ် ကမ္ဘောဒီးယား-တရုတ် ပြည်သူအချင်းချင်း အပြန်အလှန်ခရီးသွားသည့်နှစ်နှင့် ကမ္ဘောဒီးယား-အိန္ဒိယ ခရီးသွားနှစ်တို့နှင့်အတူ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ဆိုသည်။

ထို့ပြင်ပြီးခဲ့သောနိုဝင်ဘာလက စတင်ဖွင့်လှစ်ခဲ့သည့် စီရမ်ရိအန်ကော နိုင်ငံတကာလေဆိပ်သည် ယူနက်စကိုစာရင်းဝင် အန်ကော ရှေးဟောင်းသုတေသနဥယျာဉ်သို့ နိုင်ငံခြားသားခရီးသွားများလာရောက်ရန် လွယ်ကူချောမွေ့စေခြင်းဖြင့် အလားအလာကောင်းတစ်ခု ဖြစ်လာကြောင်း ဟွန်မာနက်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## ပါကစ္စတန်နိုင်ငံတွင် သစ်တောပြုန်းတီးမှုတားဆီးရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး နည်းပညာဖြင့် ထိန်းသိမ်းဆောင်ရွက်မည်

အစ္စလာမ်မာဘတ် မတ် ၂၁

ပါကစ္စတန်နိုင်ငံတွင် သစ်တောပြုန်းတီးမှုတားဆီးရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် နည်းပညာတီထွင်ဆန်းသစ်မှုများဖြင့် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှဘတ်ရှာရစ်က ယနေ့ ပြောကြားသည်။

နည်းပညာနှင့်တီထွင်ဆန်းသစ်မှုများ အများအပြားဆောင်ရွက်ခြင်းဖြင့် သစ်တောပြုန်းတီးမှုနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့သို့ ပေးပို့သည့်သဝဏ်လွှာတွင် ၎င်းက ထည့်သွင်းပြောကြားသည်။ ပါကစ္စတန်နိုင်ငံအတွင်း သစ်တောပြုန်းတီးမှုများဖြစ်ပွားနေပြီး နှစ်စဉ် သစ်တော ၁ ဒသမ ၅ ရာခိုင်နှုန်း ပျက်စီးဆုံးရှုံးနေသဖြင့် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အစိုးရသည် သစ်တောဖုံးလွှမ်းမှုတိုးတက် စေရန် Green Pakistan Initiative အစီအစဉ်ကို စတင်နေပြီဖြစ်ကာ နိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် တာဝန်ရှိသူများ စုပေါင်း ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းကမှတ်ချက်ပြု ပြောကြားသည်။

နိုင်ငံအတွင်း ဆောင်ရွက်မည့် Green Pakistan Initiative အစီအစဉ်သည် သစ်တောဖုံးလွှမ်းမှုကို မြှင့်တင်ရန်၊ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာများကို ထိန်းသိမ်းရန်နှင့် ကာဗွန်စုဆောင်းမှုကို ကူညီပေးရန်အတွက် ရည်ရွယ်သည်။ အရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နောင်လာနောက်သားများအတွက် ထိရောက်စွာအသုံးချနိုင်စေရေးသက်ဆိုင်သူများ ပေါင်းစပ်ပါဝင်ဆောင်ရွက်ကြရန် ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

ကိုးကား ဆင်ဟွာ၊ ဘာသာပြန် စိုးသူရ

# မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင် အပ်နှင်း

**နေပြည်တော် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး လက်နက်များ တပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်ဆင်ပေးသည့် လက်နက်များအား လိုက်လံကြည့်ရှုကြပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






# ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် မတ် ၂၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများက စစ်ချီတေး၊ စစ်သည်တေး သီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက စိတ်လက်ပျော်ရွှင် ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထို့ကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ရှိ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာများ၌ တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**နေပြည်တော် မတ် ၂၁**

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများဖော်ဆောင်ခြင်း၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

**ဆန္ဒဖော်ထုတ်ခဲ့**

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင်လည်း ရခိုင်ပြည်နယ် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၊ ကသဲရပ်ကွက်နှင့် သန်တော်လီရပ်ကွက်များမှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဘင်္ဂါလီလူမျိုးများသည် သတ်မှတ်နေရာများ၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ သတ်မှတ်လမ်းကြောင်းများအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် **“AA အလိုမရှိ၊ စစ်တွေမြို့ကို ကာကွယ်ကြ၊ တိုက်ပွဲအလိုမရှိ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသည့် NUG/AA အလိုမရှိ၊ လူနေရပ်ကွက်ထဲကို လက်နက်ကြီးနဲ့ ပစ်ခတ်နေတဲ့ AA သောင်းကျန်းသူများ အလိုမရှိ၊ ကျွန်ုပ်တို့သည် ပြည်တွင်းစစ်ကို မလိုလားပါ”** စသည့် ကြွေးကြော်သံများကို မြန်မာ/ဘင်္ဂါလီနှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်၍ငြိမ်းချမ်းစွာဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Thu Ya Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေပြည်အေးမြို့နေ သူရအောင်အား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ “Tin Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဖောင်းပြင်မြို့နယ် နောင်မနားကျေးရွာနေ တင်မိုးအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း ဖောင်းပြင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၆)ကြိမ်မြောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေခြင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေး

ပဲခူး မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ မတ် ၂၁ ရက် နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၆)ကြိမ်မြောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နေခြင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး



လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အပြည့်အဝ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် သောက်သုံးဆေးဝါးများ ပြတ်လပ်မှုမရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး လာရောက်ပြသသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစစ်ဆေးပေးခြင်းများအပြင် တစ်ဦးလျှင် လိုအပ်သောဆေးဝါးများ တစ်လစာ အခမဲ့ထောက်ပံ့ပေးအပ်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအတွက် အခြားရက်တွင် အငြိမ်းစားဆေးကုသခွင့်လက်မှတ်ဖြင့် ဆေးရုံကြီးသို့ လာရောက်ပြသ၍ ဆေးဝါးတစ်လစာ အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာပျော်ရွှင် အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီပါဝင်မှုဖြင့် လစဉ် ၂၁ ရက်နေ့တိုင်း တိုင်းဒေသကြီးအတွင်းမြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် အခြေခံစားကုန်များကိုလည်း သက်သာသောနှုန်းထားဖြင့် သက်ဆိုင်ရာဆေးရုံများတွင် တစ်ပါတည်းရောင်းချပေးလျက်ရှိသည်။ မြို့မိ မြို့ဖများကလည်း ကျန်းမာရေးဝန်ထမ်းများအား နေ့လယ်စာဖြင့်လည်းကောင်း၊ ဆေးကုသမှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စေတနာရှင်ပြည်သူများ၊ လူမှုအရေးအသင်းအဖွဲ့များက ရေသန့်၊ လက်ဖက်ရည်၊ အအေးတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## အပင်မျိုးကူးစပ်ခြင်းနှင့် အပင်မျိုးမွေးမြူခြင်း လုပ်ငန်းဆိုင်ရာများတိုးချဲ့လုပ်ကိုင်နိုင်ရေး ဆွေးနွေး

နေပြည်တော် မတ် ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ တာဝန်ရှိသူများ၊ အပင်မျိုးမွေးမြူသည့် သုတေသီပညာရှင်များနှင့် တွေ့ဆုံ၍ အပင်မျိုးကူးစပ်ခြင်း၊ အပင်မျိုးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာများကို စာတွေ့လက်တွေ့ တိုးချဲ့လုပ်ကိုင်နိုင်ရေး ဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက အပင်မျိုးကူးစပ်မွေးမြူသည့် သုတေသီများအနေဖြင့် မျိုးကူးစပ်မည့်သီးနှံများတွင် သီးနှံမျိုးစိတ်များ၏ မျိုးရိုးဗီဇဆိုင်ရာစုဖွဲ့မှုကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ သီးနှံမျိုးကူးစပ်မွေးမြူသည့် သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သီးနှံမျိုးဗီဇကွဲများနှင့် လူသားအရင်းအမြစ် လိုအပ်ချက်များ ဖြည့်ဆည်းရန်၊ တောင်သူများ လက်ရှိစိုက်ပျိုးနေသည့် စပါးမျိုးများကို စစ်တမ်းကောက်ယူပြီး ရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိမရှိ သုတေသနများ ဆောင်ရွက်ရန်နှင့် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် အပင်မျိုးကူးစပ်ခြင်း၊ မျိုးရိုးဗီဇများကို ပိုမိုကောင်းမွန်စေရန် သုတေသနပြု ဆောင်ရွက်ခြင်း၊ မျိုးစေ့အရည်အသွေး၊ သီးနှံသုတေသနများ၊ ဇီဝနည်းပညာများနှင့် မျိုးစေ့အရည်အသွေး စစ်ဆေးခြင်း လုပ်ငန်းစဉ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ဌာနစုတာဝန်ခံများ၊ အပင်မျိုးမွေးမြူသည့် သုတေသနပညာရှင်များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနား ကျင်းပ

**ရမည်းသင်း မတ် ၂၁**

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။



**ရှင်းလင်းဆွေးနွေး**

ဦးစွာ အခမ်းအနားတွင် ရမည်းသင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက သစ်တောနှင့် ဆန်းသစ်ပြောင်းလဲခြင်း၊ သစ်တောဂေဟစနစ်များ အရေးပါပုံ၊ သစ်တောများ ပျက်စီးပြုန်းတီးလာရခြင်း၊ ကမ္ဘာမြေပူနွေးလာခြင်း၊ သစ်တောပျက်စီးပြုန်းတီးခြင်း၊ တရားမဝင်သစ်ခိုးထုတ်ခြင်း၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်း၊ လူဦးရေ တိုးတက် များပြားလာခြင်းနှင့် အင်းဆက် ပိုးမွှားများကြောင့် ကမ္ဘာ့သစ်တောများ လျော့နည်းပျောက်ဆုံးလာခြင်းနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်လာခြင်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**ဇော်ဝင်းအောင်**

**❂ ကမ္ဘာ့ဖလားမှ**

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ ကျော်မင်းဦး၊ သက်ဟိန်းစိုး၊ ခွန်ကျော်ဇင်ဟိန်း၊ ဝေလင်းအောင်၊ နေမိုးနိုင်၊ လွင်မိုးအောင်၊ အောင်သူ၊ မောင်မောင်လွင်တို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ဆီးရီးယားအသင်း၏ ခြေစွမ်းကောင်းမွန်သဖြင့် မြန်မာအသင်းသည် ခံစစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး နောက်တန်း ငါးဦးအထိ အသုံးပြုကာ ကျော်မင်းဦးကို ခံစစ်တွင်အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ယခင်ပွဲများထက် ပိုမိုရုန်းကန်ခဲ့ပြီး တစ်ဦးချင်းစွမ်းဆောင်ရည်များကောင်းမွန်ခဲ့သလို အခွင့်အရေးလည်း အသုံးချနိုင်သဖြင့် ဦးဆောင်ဂိုးရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကို ၃၅ မိနစ်တွင် နောက်ခံလူ စိုးမိုးကျော်က ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ဆီးရီးယားအသင်းသည် အချိန်အများစု ဖိကစားနိုင်သော်လည်း မြန်မာအသင်းခံစစ်က အဆင့်ဆင့်ဖျက်ထုတ်နိုင်ခဲ့သဖြင့် ပထမပိုင်းတွင် ထိရောက်သည့်ဂိုးသွင်းခွင့် အနည်းငယ်သာ ရခဲ့သလို ဒုတိယပိုင်းတွင် အခွင့်အရေးပိုရသော်လည်း မြန်မာနောက်ခံလူများနှင့် ဂိုးသမား ကျော်ဇင်ဖြိုးတို့ ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။ ဆီးရီးယားအသင်းအတွက် ချေပဂိုးကို ၇၁ မိနစ်တွင် အယ်လ်ဒါလီက သွင်းယူခဲ့သည်။

မြန်မာအသင်းပါဝင်သော အုပ်စု (ခ) အခြားပွဲတွင် ဂျပန်အသင်းက မြောက်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် အုပ်စု (ခ) တွင် သုံးပွဲစီကစားအပြီး၌ ဂျပန်အသင်းက ကိုးမှတ်၊ ဆီးရီးယားအသင်းက လေးမှတ်၊ မြောက်ကိုရီးယားအသင်းက သုံးမှတ်၊ မြန်မာအသင်းက တစ်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် မတ် ၂၆ ရက်တွင် ဆီးရီးယားအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - သော်ကြီး**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ



နေပြည်တော် မတ် ၂၁

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကို ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက လက်ရှိရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ လာမည့် နွေရာသီကာလတွင်လည်း အပူဒဏ်အန္တရာယ်များ ဖြစ်ပွားနိုင်ပါကြောင်း၊ လွန်ခဲ့သောနှစ်များအတွင်း မုန်တိုင်းဖြစ်ပေါ်ခဲ့မှုများကို ပြန်လည်သုံးသပ်ရာတွင် မုန်တိုင်းဘေးအန္တရာယ်ကို ဧပြီလကုန်နှင့် မေလဆန်းတို့တွင်လည်းကောင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် လည်းကောင်း ကြုံတွေ့ရလေ့ရှိပါကြောင်း၊ ဘေးအန္တရာယ်ဖြစ်စဉ်များအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုအစီအစဉ်များ အားကောင်းစွာ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်သူများ၏ အသက်အန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်မှုများ ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

မုန်တိုင်းကျရောက်ပြီးချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြတ်တောက်သွားခြင်း မရှိစေရန်အတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆေးရုံများတွင် ခွဲစိတ်ကုသမှုများအပါအဝင် ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အမြန်ဆုံး ပြန်လည်စတင်ဆောင်ရွက်ခြင်း၊ ဘေးအန္တရာယ်၏ နောက်ဆက်တွဲအနေဖြင့် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုများ မရှိစေရေး စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်း၊ ကူးစက်ရောဂါ ဖြစ်ပွားမှုများကို အချိန်နှင့် တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ခဲ့မှုများကြောင့် မုန်တိုင်းဘေးအန္တရာယ်၏ နောက်ဆက်တွဲ ကူးစက် ရောဂါများ ကြီးမားသည့်ကပ်အသွင်ဖြစ်ပွားမှုများ မရှိခဲ့ပါကြောင်း၊အလားတူ တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ဖြစ်ပွားခဲ့သည် ရေကြီးမှုဖြစ်စဉ်များကိုလည်း ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန် ဆောင်ရွက်မှု အစီအစဉ်များကို ပူးပေါင်းဆောင်ရွက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ကာ ဘေးအန္တရာယ်၏ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများဖြစ်ပွားမှုကို ကာကွယ်နိုင်ခဲ့ပါကြောင်း၊ ယနေ့အစည်းအဝေးတွင် အကြံပြုဆွေးနွေးသည့်အချက်များရယူကာ ဘေးအန္တရာယ်ဖြစ်စဉ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ ဖွဲ့စည်းဆောင်ရွက်မှု၊ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်း ဖြစ်စဉ်နှင့် ရေကြီးမှုဖြစ်စဉ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီတွင် ပါဝင်သည့် နီးနွယ်ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့ပါးရေး ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ကျန်းမာရေးဆိုင်ရာပြဿနာများ မပေါ်ပေါက်စေရေးဆောင်ရွက်နိုင်ခဲ့မှုများ၊ လုပ်ငန်းကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုချက်များကို ဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဥပဒေရေးရာဝန်ကြီးဌာန၏ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်း



မော်လမြိုင် မတ် ၂၁

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့် ရှင်းလင်းခြင်းအခမ်းအနားကို မတ် ၂၁ ရက် နံနက်ပိုင်းက မွန်ပြည်နယ် ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်က ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေအရာရှိတိုင်းနှင့် ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်နှင့် ဥပဒေအရာရှိကျင့်ဝတ်များနှင့်အညီ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို သစ္စာရှိစွာဖြင့် ထမ်းဆောင်ကြရမည်ဖြစ်ပြီး မိမိတို့ကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ရှောင်ရှားကြရန်နှင့် ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိအောင် တာဝန်ထမ်းဆောင်ကြရန်သင့်မည်ဖြစ်ပါကြောင်းနှင့် မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်၏ မူဝါဒကို မျက်ခြည်ပြတ်မခံဘဲ လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ကြရန် လိုပါကြောင်း မှာကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က ဥပဒေရေးရာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၏ ရှင်းလင်းမှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး တက်ရောက်လာသော ဥပဒေအရာရှိများက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများ၊ အခက်အခဲများကို တင်ပြရာ ပြည်နယ် ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က ညှိနှိုင်းဖြေရှင်းပေးခဲ့ကြကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေး

ဒေးဒရဲ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက သံဒင်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန ဒေးဒရဲမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးနိုင်ဦးလှိုင် ကြီးကြပ်မှုဖြင့် တိုက်နယ်မှူး ဦးဖြိုးဇင်နိုင်နှင့် ဝန်ထမ်းများက သံဒင်းကျေးရွာအုပ်စုသို့ ကွင်းဆင်း၍ မြေပြင်အရောက် လူကျန်စာရင်း အကွက်အပေါက်များ ကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ ပြည်သူများ၊ အသက် (၁၀) နှစ်ပြည့်ပြီးသူနှင့် အသက် (၁၈)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် (Biometric)ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။ ၂၀၇



# မြိတ်မြို့တွင် ခရိုင်အဆင့် အခြေခံပညာမူလတန်းဆင့် (လုပ်ငန်းခွင်ဝင်စ)နှင့် အထက်တန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲ ကျင်းပ

မြိတ် မတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများတွင် သင်ကြားသင်ယူမှု လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်၊ သင်ကြားသင်ယူမှုဆိုင်ရာ စွမ်းရည်မြင့်မားလာစေရန်အတွက် ခရိုင်အဆင့်အခြေခံပညာမူလတန်းဆင့် (လုပ်ငန်းခွင်ဝင်စ) ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာစွမ်းရည်မြှင့် ဆွေးနွေးပွဲနှင့် အထက်တန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို အထက(၁) မြိတ် ပညာ့ဗိမာန်ခန်းမ၌ မတ် ၂၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲကို မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး မြိတ်ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးက ဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက တစ်ဦးချင်းမိတ်ဆက်ကြပြီး အတန်းလိုက် ဘာသာရပ်အလိုက် စတင်ဆွေးနွေးကြသည်။

မြိတ်ခရိုင်ဥပဒေအရာရှိ ဦးအောင်သန်းစိုးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဆွေးနွေးပြောကြားသည်။

အခြေခံပညာမူလတန်းဆင့် ( လုပ်ငန်းခွင်ဝင်စ ) ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သင်တန်းသား ဆရာ ဆရာမ ၄၂၀ တက်ရောက်ခဲ့ကြပြီး မတ် ၂၁ ရက်မှ ၂၄ ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကာ အထက်တန်းဆင့် ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို မြိတ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သင်တန်းသား ဆရာ ဆရာမ ၆၁၉ ဦး တက်ရောက်ကြပြီး မတ် ၂၁ ရက်မှ ၂၆ရက်အထိ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထူး(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၀၅၇)၊ ဧရိယာ(၀.၁၁၀)ကေရှိ ဦးဌေးဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နှင်းဝေ [၉/မထလ(နိုင်)၂၁၄၂၃၈] မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံ ချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၀၅၉)၊ ဧရိယာ(၀.၁၁၀)ကေရှိ ဦးဌေးဝင်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နှင်းဝေ[၉/မထလ(နိုင်)၂၁၄၂၃၈]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၀၆၀)၊ ဧရိယာ(၀.၁၁၀)ကေရှိ ဦးမျိုးသက်နိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နှင်းဝေ[၉/မထလ(နိုင်)၂၁၄၂၃၈]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ ဟသ်ာလမ်းသွယ်၊ အိမ်အမှတ်-၁၇၃/၂(က)နေ ဒေါ်ရီရီမွန် [၁၂/ဒဂတ(နိုင်)၀၀၈၀၇၈]၏သား မောင်ရဲရင့်ဝေယံ[၁၂/ဒဂတ(နိုင်)၀၉၈၅၁၁] သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ရဲရင့်ဝေယံနှင့်ပတ်သက်ဆက်နွှယ်သောအခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ရဲရင့်ဝေယံနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီရီမွန် [၁၂/ဒဂတ(နိုင်)၀၀၈၀၇၈]**
**တောင်ဥက္ကလာပမြို့နယ်။**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၁၁/ရပ်ကွက်၊ သခင်မြလမ်း၊ အမှတ်(၅၆၉/ခ)နေ ဖခင် ဦးခင်ဇော်နှင့် မိခင် ဒေါ်စန်းစန်းဌေး တို့၏သားဖြစ်သူ ဦးသန်းဇော်ထက်(HTYA-၀၆၈၉၀၈)သည် မိခင်ကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် (၂၁-၃-၂၀၂၄)ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဦးသန်းဇော်ထက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်စန်းစန်းဌေး(၁၂/မဂဒ(နိုင်)၁၂၇၂၈၆)၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၂၈)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၆၀၆၁၈၃၆၊ ၀၉-၇၇၇၇၃၄၁၃၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City ကြယ်စင်အိမ်ရာဝင်း အတွင်းရှိ City Loft (၅-လွှာ)၊ CL-1၊ အခန်းအမှတ်(၅၀၆)၊ Studio အမျိုးအစား ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကိုလင်းထက်အောင် (၁၄/ရကန (နိုင်)၁၅၀၈၂၈) မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်ချို့တစ်ဝက်ကို စရန်ငွေ ပေးချေထားပြီး လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအမည်ပေါက် ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးချစ်ကိုကို**
LL.B
အထက်တန်းရှေ့နေ(စဉ်-၄၉၁၉၁)
ဖုန်း- ၀၉၂၆၉၇၃၂၆၄၅

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်-(၃/ခ) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲတိုက်၏ (ဒါဘာ/ခေါင်းရင်းခြမ်း/၅-လွှာတိုက်ခန်း) အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေစက်တို့အပါအဝင် ယင်းတိုက်ခန်းနှင့် စပ်ဆက်သမျှ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ဖြစ်သည်။

အထက်ဖော်ပြပါ တိုက်ခန်းသည် မြေရှင်များဖြစ်ကြသော ဦးစိန်တင်၊ ဒေါ်ကြည်၊ ဒေါ်အေးအေးသက် တို့နှင့် ကန်ထရိုက်တာ ဦးလှမျိုးသူ [၁၂/မရက(နိုင်)၁၃၁၇၉၄] တို့ (၉-၅-၂၀၂၁)ရက်နေ့တွင် ချုပ်ဆိုသော အခန်းပေးအခန်းယူအဆောက်အဦဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူကတိစာချုပ်အရ ကန်ထရိုက်တာ အကျိုးခံစားခွင့်ရရှိမည့် တိုက်ခန်းဖြစ်ကြောင်း ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးလှမျိုးသူက အဆိုပြုကမ်းလှမ်းလာရာ ၁။ဒေါ်ရီရီချို ၂။ဒေါ်အေးအေးသက် တို့မှ အပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ တိုက်ခန်းပိုင်ဆိုင်မှုအတွက် ရောင်းဖိုးငွေ၏ ၆ ပုံ ၅ ပုံကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှု၊ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၄)**
**အမှတ်(၉၇)၊ (၃)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း-၀၉-၄၂၄၈၆၉၇၈၇၊ ၀၉-၇၈၃၄၇၄၂၉၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁)၊ မြေကွက်အမှတ်(၈၂၅) ဟုခေါ်တွင်သော အိမ်အမှတ်(၈၂၅)၊ ဗိုလ်မိုး(၂)လမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါ်ခင်ဝင်း(ဘ)ဦးထွန်းဆိုင် (TKA-007641) အမည်ပေါက် (၄၀ ပေ x ၆၀ ပေ) ကျယ်ဝန်းသည့် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၈၂၆)နှင့်ကပ်လျက် (၂၀ ပေ x ၆၀ ပေ) ကျယ်ဝန်းသည့်ပါမစ်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ထပ်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းမာ(ဘ)ဦးထွန်းရင် [၁၂/ဒဂတ(နိုင်)၀၆၅၁၄၅] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q), HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B, HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၁၁၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၃၄၂/ခ)ဟုခေါ်တွင်သော အိမ်အမှတ်(၃၄၂/ခ)၊ (၃၅)ရပ်ကွက်၊ ငွေပုလဲလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးအောင်ကျော်သူ(ဘ)ဦးမျိုးမြင့်[၉/တကန(နိုင်)၀၉၇၈၈၃]အမည်ပေါက် (၂၂ ပေ x ၆၀ ပေ)၊ ဧရိယာ(၀.၀၃၀)ဧက၊ စတုရန်းပေ(၁၃၂၀)ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်ကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေမြတ်သူဝင်း(ဘ)ဦးခင်မောင်ဝင်း[၅/ရဘန(နိုင်)၁၆၉၉၇၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော်(LL.B(Q), HGP)** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B, HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၁၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ ခနုံးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၂၁)၊ ကွင်းအမည်-ခနုံး၊ ဦးပိုင်အမှတ်(၅/၃)၊ မြေအမျိုးအစား-လယ်မြေ၊ ဧရိယာ (၀.၇၀)ကေအနက်မှ အကျယ်အဝန်း(၄၅' x ၄၈')ရှိ ဒေါ်ထားထားနွယ်[၉/အမရ(နိုင်)၀၉၇၂၂၂] ပိုင် ပုံစံ(၇)အမည်ပေါက် လယ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်လက်ရောက်ရယူထားသူ ဒေါ်ထားထားနွယ်[၉/အမရ(နိုင်)၀၉၇၂၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစောလှထွန်း(LL.B) (စဉ်-၅၃၃၉၁/၂၀)** | **ဒေါ်စုစုဖြိုး(LL.B) (စဉ်-၅၃၃၈၃/၂၀)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း-၀၉-၂၅၄၂၀၀၃၃၄၊ ၀၉-၂၅၄၂၁၂၉၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၃၈)၊မြေကွက်အမှတ်(၆)၊ ဦးတင်နွယ်(၁၂/အစန(နိုင်)၀၈၄၆၅၈)အမည်ပေါက်မြေချပါမစ်မြေကွက်၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိမြေကွက်နှင့်အကျိုးခံစားခွင့်များအားအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးအောင်ကိုလတ်(၁၂/ဥကမ(နိုင်)၀၁၅၃၁၃)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)ဖြူဟူစိန်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၁၅၈)၊မြေကွက်အမှတ်(၃၆၄)၊ ဒေါ်သန်းရွှေ(SRM-၀၇၆၉၉၄)အမည်ပေါက်မြေချပါမစ်မြေကွက်၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိမြေကွက်နှင့်အကျိုးခံစားခွင့်များအားအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးထင်လင်းဖြိုး(၁၂/ဒဂမ(နိုင်)၀၀၁၉၂၃)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်နိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၇၆)
အမှတ် (၁၀၅၁)ဖြူဟူစိန်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ ဇရစ်ချောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၁၉)၊ ကွင်းအမည် (သာယာကုံးကွင်း)၊ ဦးပိုင်အမှတ်(၆၂ᵃ/၁)၊ မြေအမျိုးအစား G-3၊ ဦးသန်းထွန်းအမည်ပေါက် ဧရိယာ (၀.၂၂ ကေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင် (မြေရှင်) ဦးသန်းထွန်း [၁၀/သထန(နိုင်)၂၆၇၃၅၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီးဖြစ်သောကြောင့် ယင်းမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ယူဆပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းဖြစ်သော ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်နွဲ့ရီ (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၂၅)**
**တိုက်(၉)၊ အခန်း(၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၉၃၅၆၆၃၇၀၊ ၀၉-၄၀၅၀၆၄၃၇၉**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/လှိုင်ထိပ်ခေါင်တင်၊ ဦးပိုင်အမှတ်(၁၁၅)၊ ဧရိယာ(၀.၀၇၃)ကေအား ဒေါ်ပိုးဒါလီဝေလှိုင်(ခ)ပိုးဒါလီဝေလှိုင်အောင် (ဘ) ဦးတင်အောင်၊ [၉/တကန(နိုင်)၁၄၂၃၄၉] မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၉၆/၂၀၂၄)၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## သွေးသည် အသက်

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးနိုင် [၁၄/ဘကလ(နိုင်)၀၆၄၃၀၇] နှင့် ဒေါ်မို့မို့အောင် [၁၂/သကတ(နိုင်)၀၇၄၉၅၇] တို့၏ သားဖြစ်သူ မောင်မျိုးမောင်မောင် [၁၂/သကတ(နိုင်)၁၉၅၄၅၄] ကိုင်ဆောင်သူသည် အုပ်ထိန်းသူမိဘတို့၏ ဆိုဆုံးမမှုများကိုနားမထောင်ခြင်း၊ မိဘတို့ကို စိတ်ဆင်းရဲစေသောကိစ္စရပ်များအား ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ မောင်မျိုးမောင်မောင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်စွာထက် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၈၉၁)**
**ဖုန်း-၀၉-၇၉၅၁၅၈၀၄၀**
**ရုံးခန်းလိပ်စာ-အမှတ်(၅၆၆/က)၊ မြို့မလမ်း၊ (မြေညီ)၊**
**၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်။**

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၆၊ မြေကွက်အမှတ်-၁၅၅၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ ရှိသည့်အနက်မှ တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် မြေကွက်အမှတ်-၁၅၄ နှင့်ကပ်လျက် ခေါင်းရင်း(၂၀ x ၆၀)ပေအကျယ်ရှိ ဦးကျော်သိန်း(အေဘီ-၀၅၅၁၂၅) အမည်ပေါက်၊ မြေအမျိုးအစားပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် ဦးသိန်းဦး [၁၂/လကန(နိုင်)၀၆၂၃၈၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါပြီး (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ တရားဝင် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသူရိန်ထွန်း LL.B, DBL, DML, DIL, DIPL.D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၁)**
**အခန်း-၁၆(ခ)၊ ပထမထပ်၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၆၂၈၉၇**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာနှင့် ဆီးရီးယား သရေကျ

**ရန်ကုန် မတ် ၂၁**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအုပ်စု တတိယပွဲအဖြစ် မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့သည် မတ် ၂၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေကျခဲ့သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် အာရှ အင်အားကြီးအသင်းများနှင့် တစ်အုပ်စုတည်း ကျရောက်နေသဖြင့် ရလဒ်ကောင်းရယူနိုင်ရန် ရုန်းကန်နေရသည့် မြန်မာအသင်းသည် နှစ်ပွဲဆက်ရှုံးနိမ့်ထားမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ပထမဆုံး ရမှတ်ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် မိနစ် ၇၀ အထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ၇၁ မိနစ်တွင် ချေပဂိုးပေးလိုက်ရသဖြင့် သရေကျခဲ့ခြင်း ဖြစ်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၄ သို့** ❂




မြန်မာအသင်းနှင့် ဆီးရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

---

**ယနေ့ ဖတ်စရာ**

**အင်ဒိုနီးရှားနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ကာကွယ်ရေးဝန်ကြီး ပရာဘိုဝို ဆူဘီရန်တို အနိုင်ရ**

စာမျက်နှာ » ၁၃

**ကျုံပျော်မြို့နယ် အုပ်ချုပ်ရေးမှူးများက စစ်မှုမထမ်းဆောင်လိုသူများကို ငွေကျပ်သိန်း ရာချီ ငွေညစ်တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

**ထားဝယ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ**

စာမျက်နှာ » ၁၅

**၂၁-၃-၂၀၂၄ ရက်နေ့တွင် ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီ ဈေးနှုန်းများ**

စာမျက်နှာ » ၁၇

---

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ခရစ်ကက်ပြိုင်ပွဲ”**ကို ၂၀၂၄ ခုနှစ် မတ် ၂၅ ရက်မှ ဧပြီ ၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁)၊ (၃)နှင့်(၄)တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို**(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နယူးကာဆယ် နောက်တန်းကစားသမား ဘော့မန်း ဒူးဒဏ်ရာကြောင့် ကိုးလကြာ အနားယူရမည်

နယူးကာဆယ်အသင်းရဲ့ နောက်တန်းကစားသမား ဘော့မန်းဟာ ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူရမှာဖြစ်တာကြောင့် ကိုးလကြာ အနားယူရမှာဖြစ်ပါတယ်။

နယ်သာလန်ကြယ်ပွင့် ဘော့မန်းဟာ မန်စီးတီးအသင်းကို နယူးကာဆယ်အသင်းရှုံးနိမ့်ခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ဒူးအရွတ် ဒဏ်ရာရရှိခဲ့တာကြောင့် နောက်ပိုင်းပွဲကစားချိန်တွေမှာ ဒဏ်ရာပြင်းထန်လာတာမို့ လူစားလဲ ခံခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်မှာ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❖

